မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် National Landmarks Garden တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ လှည့်လည်ကြည့်ရှု စစ်ဆေးမှာကြား

နေပြည်တော် အောက်တိုဘာ ၁၂

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် National Landmarks Garden တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့ ဟိုတယ်တည်ဆောက်ရေး စီမံကိန်းတွင် ဟိုတယ်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။(အပေါ်ပုံ)**နှင့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် National Landmarks Garden တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**(အောက်ပုံ)

(သတင်းစဉ်)

နန်းမြင့်မျှော်စင်ကြည့်ရှု

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် နံနက် ၈ နာရီတွင် အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ရောက်ရှိကြပြီး Buggy Car ဖြင့် သစ်ပင်ပန်းမန်များ လှပ ဝေဆာအောင် စိုက်ပျိုးထိန်းသိမ်းထားမှုများ၊ Rock Garden တည်ဆောက်ထားမှုများ၊ ဝါးစိုက်ကွက်များ၊ သားမင်းမွေးမြူထားမှုများ၊ ရွက်လှစိုက်ခင်းများ၊ ငှက်လှောင်အိမ် တည်ဆောက်ထားမှုများနှင့် နန်းမြင့်မျှော်စင်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် National Landmarks Garden တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ***စာမျက်နှာ ၃ ကော်လံ ၁*** ✳

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

ခေတ်သစ်ထူထောင်ရေးတာဝန် တန်ဖိုးထားထမ်းဆောင်

နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား မှန်ကန်ထက်မြက် သွက်လက်နေမှသာ တိုင်းရင်းသားပြည်သူ အားလုံးသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အေးချမ်းစိတ်ချစွာ လုပ်ကိုင်ဆောင်ရွက် နိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်သည် အဖွဲ့အစည်းအလိုက်၊ ဌာနအလိုက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ပြီး နိုင်ငံတော်ယန္တရားကြီးကို ပိုမိုကောင်းမွန်အောင် တည်ဆောက်လျက်ရှိသည်။

ပြည်သူ့ဝန်ထမ်းများသည် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတို့လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်သူကို ကျောသားရင်သားမခွဲခြားဘဲ စောင့်ရှောက်ကူညီကြရမည်။ ပြည်သူများအပိုင်းကလည်း အုပ်ချုပ်ရေး၏ တန်ဖိုးနှင့်အနှစ်သာရကို သိမြင်နားလည်ပြီး ပြည်သူ့ဝန်ထမ်းများကို ပြန်လည်စောင့်ရှောက် ကူညီသွားကြရမည်ဖြစ်သည်။ ပြည်သူနှင့်ပြည်သူ့ဝန်ထမ်း ယင်းကဲ့သို့ အပြန်အလှန် ကူညီစောင့်ရှောက်၊ ထိန်းကျောင်းခြင်းတို့ဖြင့် အုပ်ချုပ်ရေးနှင့်ပြည်သူ တစ်သားတည်းဆက်စပ်သွားသည့်၊ စည်းကမ်းရှိသည့်၊ စစ်မှန်သော ဒီမိုကရေစီလူနေမှုဘဝမျိုး ထူထောင်သွားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်တွင် ခေတ်သစ်စနစ်သစ်အတွက် မျှော်မှန်းချက်ထားပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ အဆင့်အမြင့်ဆုံးအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွက်လာစေရန် အမျိုးသားညီလာခံက ကြိုးပမ်းနေပြီဖြစ်သည်။ အမျိုးသားညီလာခံ၏ ဆောင်ရွက်ချက်များသည်လည်း ခရီးအတော်ရောက်နေပြီဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွက်လာစေရန် ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အရေးအရာအားလုံးကို အခြေခံကျကျ အဆင့်အမြင့်ဆုံး ပြုပြင်ပြောင်းလဲခြင်းပင်ဖြစ်သည်။

ဝန်ထမ်းများအားလုံးသည် ခေတ်သစ်တစ်ရပ် ထူထောင်နိုင်ရေးအတွက် နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်မှု ခိုင်မာရေးတို့ကို အပြန်အလှန် ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စုစည်းတာဝန်ယူခြင်းတို့ဖြင့် ထိထိမိမိ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်လမြိုင်မြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးသို့ အလှူငွေနှင့် ခွဲစိတ်ခန်းသုံး ပစ္စည်းများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးသို့ အလှူငွေနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၂ရက်က အဆိုပါဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ပြည်နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သိန်းဟန်၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်၊ ပြည်နယ် အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာကျော်သူ၊ အလှူရှင်များနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ နား၊ နှာခေါင်း၊ လည်ချောင်း ခွဲစိတ်ခန်းအတွက် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ Diathermy Set နှင့် Spot Light စက်ကိရိယာများကို တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းကလည်းကောင်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ မျက်စိခွဲစိတ်ကုသဆောင်အတွက်ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ မီးစက်တစ်လုံးကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးကလည်းကောင်း၊ ခွဲစိတ်ခန်းသုံး ပစ္စည်းများနှင့် အလှူငွေများကို အလှူရှင်များကလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်နယ်အထွေထွေ ရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာကျော်သူက လက်ခံသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ မျိုးဆွေကြည်က အလှူရှင်များ၏ အလှူငွေများကို လက်ခံပြီး ပြည်နယ် နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်ကြီး ဒေါက်တာ တင်နွဲ့ဝင်းက လှူဒါန်းထားသော ခွဲစိတ်ခန်းသုံး ပစ္စည်းများ အသုံးပြုဆောင်ရွက်ခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လှူဒါန်းငွေ

ပြည်နယ် အထွေထွေရောဂါကု ဆေးရုံကြီးသို့ အလှူငွေနှင့် ခွဲစိတ်ခန်း သုံးပစ္စည်းများ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေ၁၂၅၁၀၉၂၆ကျပ် ဖြစ်ကြောင်း သိရှိရသည်။

မှာကြားဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ခွဲစိတ်ခန်းသုံး ဆေးပစ္စည်းကိရိယာများကို ကြည့်ရှုကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်း၊တံတားများရေရှည်ကောင်းအောင် သတ်မှတ်ခံနိုင်ဝန်အတိုင်းအသုံးပြု လူနေမှုဘဝမြင့်မားရေး စံပြကျေးလက်အိမ်ရာများ ဆောက်လုပ်ပေး

နေပြည်တော် အောက်တိုဘာ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်း အဝေးခန်းမ၌ ကျင်းပသော စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ကြိုးပမ်း

ဝန်ကြီးက အမှာစကားပြောကြားရာတွင် စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြနှင့်ကျေးလက်လမ်း၊တံတားများ ဆောင်ရွက်လျက်ရှိရာတွင် ဖောက်လုပ်ပြီးသော လမ်း၊တံတားများ ရေရှည်ကောင်းအောင်၊ သတ်မှတ်ခံနိုင်ဝန်အတိုင်း အသုံးပြုရေးကြပ်မတ်ရမည် ဖြစ်ကြောင်း၊ ကျေးလက် ဒေသနေ ပြည်သူများ လူနေမှုဘဝမြင့်မားရေး အတွက် ဆောက်လုပ်ပေးလျက် ရှိသော စံပြကျေးလက်အိမ်ရာများကို စေတနာထားပြီး စီမံချက်အတိုင်း ပြီးစီးရေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မြို့သာယာလှပရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ရာတွင် မိမိတို့တာဝန်ကျရာမြို့ကို တစ်နှစ်ထက်တစ်နှစ်ပို၍ တိုးတက်သာယာလှပလာအောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့်မှာကြားသည်။

ထို့နောက် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၅-၂၀၀၆ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ၂၀၀၅-၂၀၀၆ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအပေါ် သုံးသပ် ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)၊ ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ပြည်ပနိုင်ငံများသို့ အလုပ်ရုံဆွေးနွေးပွဲသင်တန်း တက်ရောက်ခဲ့ကြသူများက စာတမ်းများဖတ်ကြားရှင်းလင်းတင်ပြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေက ဖတ်ကြားခဲ့သည့်စာတမ်းများအပေါ် စာတမ်းတစ်ခုချင်း အလိုက် သုံးသပ်ဝေဖန်၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဦးတေဇ (Htoo Trading Co., Ltd.)က ဟိုတယ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

* ရှေ့ဖုံးမှ

National Landmarks Garden တည်ဆောက်ရသည့် ရည်ရွယ်ချက်များ၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အနီး ၅၆ ဒသမ ၆၇ ဧက ကျယ်ဝန်းသည့် မြေနေရာ၌ ပြည်နယ်၊ တိုင်းအသီးသီး၏ ထင်ရှားသည့် National Landmarks များ စနစ်တကျတည်ဆောက်နေမှုများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များ မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး National Landmarks Garden ရုပ်တုပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် National Landmarks တည်ဆောက်ပြီးစီးမှုများကို Buggy Car ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ဟိုတယ်တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဦးတေဇ(Htoo Trading Co.,Ltd.)က ဟိုတယ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး ဟိုတယ်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ရေငယ်စံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဝက်ဝံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ မြိုင်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ထုံးဘိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကုန်းဘောကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် ဆွစ်ဇာလန်နိုင်ငံမှ ပြန်လည်ရောက်ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် အောက်တိုဘာ ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် (၅၇)ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHC)၏ အမှုဆောင်ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၉ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စီမံကိန်းစီစဉ်ရေး မန်နေဂျာ ဦးအေးတို့ ပြန်လည်လိုက်ပါလာကြသည်။

ရှင်းလင်းတင်ပြ

ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၃ ရက်တွင် ဂျီနီဗာမြို့ရှိ UNHCR ဌာနချုပ် အစည်းအဝေးခန်းမဆောင်၌ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်သည် ဂျီနီဗာမြို့၌ရှိနေစဉ် အောက်တိုဘာ ၂ ရက် ညနေ ၃ နာရီတွင် UNHCR Assistant High Commissioner for Protection Ms.Erika Feller နှင့်အဖွဲ့အား လည်းကောင်း၊ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခွဲတွင် UNHCR Assistant High Commissioner for Operations ;Ms. Judy Cheng Hopkins နှင့် အဖွဲ့အားလည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် UNHCR Bureau for Asia and the Pacific Director Ms. Janet Lim နှင့် လည်းကောင်း၊ အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီတွင် UNHCR, High Commissioner Mr. Antonio Guterres နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေမင်းဝံသာသနာ့ရိပ်သာ ဘုံကထိန်လျှာသက်န်းဆက်ကပ်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၂

အမှတ်(၇၀) သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် ဘုံကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို အောက်တိုဘာ ၁၅ ရက် (တနင်္ဂနွေနေ့) ၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက် နံနက် ၈ နာရီတွင် မဟာဓမ္မဗိမာန်တော် အပေါ်ထပ်၌ ကျင်းပမည်ဖြစ်ပြီး အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူးနှင့် ဆပ်ကော်မတီဝင်များ ညှိနှိုင်းစည်းဝေး

နေပြည်တော် အောက်တိုဘာ ၁၂

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အုပ်ချုပ်သူများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်)၌ ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး ဆပ်ကော်မတီဝင်များ၊ အုပ်ချုပ်သူများက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဆွေးနွေးတင်ပြချက်များ၊ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးက ညှိနှိုင်းစီစဉ်ပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်/တိုင်းများမှပြိုင်ပွဲဝင်နှင့် အုပ်ချုပ်သူများ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၂

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်၊ တိုင်းတပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်နှင့် စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ ၃၀ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပို့ဆောင်ချထားပေး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဗိုလ်မှူးလှိုင်ဝင်း ခေါင်းဆောင်၍ အုပ်ချုပ်သူ၊ ဒိုင်အဖွဲ့ဝင်၊ အုပ်ထိန်းသူ၊ ပြိုင်ပွဲဝင်နှင့် ပံ့ပိုးအဖွဲ့များအပါအဝင် အမျိုးသား ၂၉၉ ဦး၊ အမျိုးသမီး ၁၈၅ ဦး စုစုပေါင်းအင်အား ၄၈၄ ဦးတို့ ပါဝင်သော ရန်ကုန်တိုင်း အဆို၊ အက၊ အရေး၊ အတီးအဖွဲ့သည် အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဦးအောင်ကျော်သန်း ခေါင်းဆောင်၍ အုပ်ချုပ်သူ၊ ဒိုင်အဖွဲ့ဝင်၊ အုပ်ထိန်းသူ၊ ပြိုင်ပွဲဝင်နှင့် ပံ့ပိုးအဖွဲ့များအပါအဝင် အမျိုးသား ၆၂ ဦး၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်းအင်အား ၉၆ ဦးတို့ ပါဝင်သော ရခိုင်ပြည်နယ် အဆို၊ အက၊ အရေး၊ အတီးအဖွဲ့သည် အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် လည်းကောင်း၊ ရွာတော်ဘူတာသို့ ရောက်ရှိလာကြရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ကျင်းပရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်း၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး နိုင်အေး၊ ရဲမှူး ဝင်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်)ရှိ တည်းခိုဆောင်များသို့ ပို့ဆောင် နေရာချထားပေးကြသည်။

ယနေ့နံနက်ပိုင်း၊ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ဦးမန်းခင်မောင်လေး ခေါင်းဆောင်၍ အုပ်ချုပ်သူ၊ ဒိုင်အဖွဲ့ဝင်၊ အုပ်ထိန်းသူ၊ ပြိုင်ပွဲဝင်နှင့် ပံ့ပိုးအဖွဲ့များ အပါအဝင် အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၃၈ ဦး စုစုပေါင်းအင်အား ၉၄ ဦးတို့ပါဝင်သော မွန်ပြည်နယ် အဆို၊ အက၊ အရေး၊ အတီးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ ဗိုလ်မှူးမောင်ဌေး ခေါင်းဆောင်၍ အုပ်ချုပ်သူ၊ ဒိုင်အဖွဲ့ဝင်၊ အုပ်ထိန်းသူ၊ ပြိုင်ပွဲဝင်နှင့် ပံ့ပိုးအဖွဲ့များ အပါအဝင် အမျိုးသား ၁၂၂ ဦး၊ အမျိုးသမီး ၄၉ ဦး စုစုပေါင်းအင်အား ၁၇၁ ဦးတို့ ပါဝင်သော ဧရာဝတီတိုင်း အဆို၊ အက၊ အရေး၊ အတီးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ ရဲမှူး အုန်းခိုင် ခေါင်းဆောင်၍ အုပ်ချုပ်သူ၊ ဒိုင်အဖွဲ့ဝင်၊ အုပ်ထိန်းသူ၊ ပြိုင်ပွဲဝင်နှင့် ပံ့ပိုးအဖွဲ့များအပါအဝင် အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း အင်အား ၅၁ ဦးတို့ ပါဝင်သော တနင်္သာရီတိုင်း အဆို၊ အက၊ အရေး၊ အတီးအဖွဲ့သည် ရွာတော် ဘူတာမှတစ်ဆင့် မော်တော်ယာဉ်များဖြင့်လည်းကောင်း ရောက်ရှိလာကြရာ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးနိုင်အေး၊ ရဲမှူး ဝင်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်)ရှိ တည်းခိုဆောင်များသို့ ပို့ဆောင် နေရာချထားပေးကြသည်။ **(သတင်းစဉ်)**

စင်ကာပူ၌ နိုင်ငံတကာဆေးနှင့် ဆေးပစ္စည်းပြပွဲဖွင့်လှစ် နိုင်ငံပေါင်း ၃၀မှ ကုမ္ပဏီ ၄၀၀ ကျော်ပါဝင်ပြသခဲ့

စင်ကာပူ အောက်တိုဘာ ၁၂

အရှေ့တောင်အာရှတွင် အကြီးဆုံး ဆေးနှင့်ဆေးပစ္စည်းပြပွဲတစ်ရပ်ကို စင်ကာပူတွင် အောက်တိုဘာ ၁၀ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာဆေးနှင့်ဆေးပစ္စည်းပြပွဲသို့ နိုင်ငံပေါင်း ၃၀မှ ကုမ္ပဏီပေါင်း ၄၀၀ကျော်လာရောက်ပြသခဲ့ကြောင်း၊ ယင်းပြပွဲတွင် ဆေးဝါးထုတ်ကုန်အမယ်သစ်များလည်း ပြသထားကြောင်း သိရသည်။

ယင်းပြပွဲတွင် ကျန်းမာရေးဆွေးနွေးပွဲများလည်း ထည့်သွင်းထားကြောင်း၊ နှစ်ရက်ကြာပြသခြင်း ဖြစ်ကြောင်းသိရသည်။

စင်ကာပူနိုင်ငံသည် ဆေးဝါးဆိုင်ရာ အချက်အချာ ဒေသကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး အစ်ဝါရမ်က ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

စင်ကာပူနိုင်ငံ၏ ဆေးဘက်ဆိုင်ရာ နည်းပညာ ထုတ်ကုန်ထုတ်လုပ်မှုသည် ၂၀၀၅ခုနှစ်က စင်ကာပူဒေါ်လာ ၂၁ ဒသမ ၂ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၉ ဘီလီယံ)ရှိကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နှင့် ရင်းနှီးစွာ ဆက်ဆံရေးမူဝါဒ ထိုင်းနိုင်ငံက ပြောင်းလဲမည်မဟုတ်ဟုဆို

ပေကျင်း အောက်တိုဘာ ၁၂

ထိုင်းနိုင်ငံသည် မကြာသေးမီက အစိုးရအဖွဲ့အပြောင်းအလဲလုပ်ခဲ့ပြီးနောက် တရုတ်နိုင်ငံနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံရေးမူဝါဒမှာ အပြောင်းအလဲရှိလိမ့်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံရှိ ထိုင်းသံရုံးတာဝန်ရှိသူ တစ်ဦးက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားလိုက်သည်။

ကုန်သွယ်ရေး

မိမိတို့သည် ယင်းကိစ္စနှင့်စပ်လျဉ်း၍ အပြောင်းအလဲရှိမည် မဟုတ်ကြောင်း အဆိုပါထိုင်းသံရုံးတာဝန်ရှိသူက တရုတ်အာဆီယံကုန်သွယ်ရေး ဆွေးနွေးပွဲ၌ ပြောကြားလိုက်ခြင်း ဖြစ်သည်။

ထူထောင်

တရုတ်နှင့်ထိုင်းနိုင်ငံတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၃၁နှစ်က သံတမန်ဆက်ဆံရေးထူထောင်ခဲ့ကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးမှာလည်း ပြောင်းလဲမည်မဟုတ်ကြောင်း အဆိုပါထိုင်းသံရုံးတာဝန်ရှိသူ ဘတ်စ်ကွန်းပရူဆာပေါင်ဆေးက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ဝက်များတွင် ကြက်ငှက်တုပ်ကွေးကူးစက်

ဂျကာတာ အောက်တိုဘာ ၁၂

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိဝက်များတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးကူးစက်ခံနေရကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာ ၉ ရက်၌ ပြောကြားသည်။

ပြီးခဲ့သည့်ဇူလိုင်လက ယင်းဒေသတွင်ဝက်နှစ်ကောင်မှာ ကြက်ငှက်တုပ်ကွေးရောဂါပိုး ကူးစက်ခံနေခဲ့ရကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဌာန ညွှန်ကြားရေးမှူး မူနီဆူအဒ်မို့ဂျိုက ပြောကြားသည်။

ယူဒယာနာတက္ကသိုလ်မှ တိရစ္ဆာန်ရောဂါရှာဖွေရေး အဖွဲ့တစ်ဖွဲ့သည် ဘာလီကျွန်းပေါ်ရှိ ဂင်ယာနှင့် တာဘာနန်ဒေသများမှ ဝက်နှစ်ကောင်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံနေရသည်ကို တွေ့ရှိခဲ့ရကြောင်း ရမ်တမ်ပိုသတင်းစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပမည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး အခမ်းအနားအတွက် ပန်းများဖြင့် ပုံဖော်ပြင်ဆင်ထားရှိမှုကို အောက်တိုဘာ ၁၁ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေနံစိမ်းဈေးနှုန်း ဆက်လက်ကျဆင်းနေဆဲ

ဗီယင်နာ အောက်တိုဘာ ၁၂

ကမ္ဘာ့ရေနံ တင်ပို့ရောင်းချသောနိုင်ငံများ(အိုပက်)သည် လွန်ခဲ့သောသီတင်းပတ်က ရေနံစိမ်းတစ်စည်လျှင် ၁၁ ဒသမ ၀၂ဒေါ်လာဈေး လျှော့ချရောင်းရာ တစ်စည်ဈေးနှုန်းမှာ ၅၅ ဒသမ ၃၃ဒေါ်လာရှိကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။ အောက်တိုဘာ ၉ ရက်အထိ အိုပက်၏ ရေနံဈေးနှုန်းများ ကျဆင်းခဲ့ရာ ရှစ်ပတ်မြောက်အထိ ဆက်လက်ကျဆင်းခဲ့ကြောင်း သိရသည်။

ကျဆင်း

အိုပက်၏ ရေနံဈေးနှုန်းသည် ပြီးခဲ့သော အောက်တိုဘာ ၆ ရက်က တစ်စည်လျှင် ၅၅ ဒသမ ၁၃ ဒေါ်လာသို့ကျဆင်းသွားခဲ့ကြောင်း၊ ဩဂုတ် ၈ ရက်က တစ်စည်လျှင် ၇၂ ဒသမ ၆၇ဒေါ်လာ အမြင့်ဆုံးဈေးရှိရာမှ ယခုအခါ ၁၇ ဒသမ ၅၄ ဒေါ်လာကျဆင်းခဲ့ကြောင်း သိရသည်။

ထုတ်လုပ်မှု

ရေနံဈေးနှုန်း ကျဆင်းနေသဖြင့် ရေနံထုတ်လုပ်မှု လျှော့ချရန် မကြာသေးမီက တင်ပြထားကြောင်း အိုပက်အလှည့်ကျဥက္ကဋ္ဌဒေါက်တာ အက်မွန်မာဒူယာဘီဘီဒေါက်ကူရာက ပြောကြားသည်။

အဆိုပါ အိုပက်အဖွဲ့ဝင်နိုင်ငံများသည် ဗီယင်နာ၌ အောက်တိုဘာ ၁၈ ရက် သို့မဟုတ် ၁၉ ရက်တွင် ဝန်ကြီးအထူးအစည်းအဝေးတစ်ရပ် ကျင်းပရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ ယခုအခါ အိုပက်နိုင်ငံများသည် တစ်နေ့လျှင် စည်ပေါင်း၂၈ သန်း ထုတ်လုပ်ပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ခြောက်နှစ်အရွယ် လူငယ်လေး၏စွမ်းရည်

အသက်ခြောက်နှစ်အရွယ် လူငယ်လေးတစ်ဦးက စွမ်းရည်ပြနေစဉ်။ (ယာပုံ)

တရုတ်နိုင်ငံအနောက်ပိုင်း ကျင်ကျန်းမြို့တွင် ခြောက်နှစ်အရွယ် လူငယ်လေးတစ်ဦးက မြေပြင်မှအမြင့် ၃၅ မီတာ၌ရှိသော အရှည်မီတာ ၂၂၀ ရှိသည့် ကြိုးတန်းပေါ်တွင် လမ်းလျှောက် ပြသနိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အမြင့်ခုန် စံချိန်တင်သည့်ခွေး

အမြင့်ခုန်စံချိန်တင်နေသည့် ခွေးတစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

ဖလော်ရီဒါပြည်နယ် မီရာမီမြို့တွင် ခွေးများ အမြင့်ခုန်ပြိုင်ပွဲ၌ အသက်ငါးနှစ်အရွယ်ရှိပြီး အလေးချိန်ပေါင် ၆၀ ခန့်ရှိသော ခွေးမတစ်ကောင်က ၆၈ လက်မအမြင့်ကို ခုန်နိုင်ခဲ့ရာ လွန်ခဲ့သော သုံးနှစ်ခန့်က အမြင့်ဆုံးစံချိန်ဖြစ်သည့် ၆၆ လက်မစံချိန်ကို ချိုးနိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဗီယက်နမ်၏ အဝတ်အစားနှင့် အထည်အလိပ်တင်ပို့မှု ပထမကိုးလအတွင်း မြင့်တက်ခဲ့

ဟန္နိုင်း အောက်တိုဘာ ၁၂

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမကိုးလအတွင်း အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ အဝတ်အစားနှင့် အထည်အလိပ်တင်ပို့မှု နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၅၁ ရာနိုင်နှုန်းနှင့် ၂၉ ရာခိုင်နှုန်းအသီးသီး တိုးတက်လာခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ အဝတ်အစားနှင့် အထည်လိပ်တင်ပို့မှု၏ အကြီးဆုံးဈေးကွက်မှာ အမေရိကန်နိုင်ငံဖြစ်ကြောင်း၊ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အမေရိကန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ဘီလီယံ၊ ဥရောပ နိုင်ငံများသို့ အမေရိကန်ဒေါ်လာသန်း ၈၂၀ တန်ဖိုးရှိ အထည်အလိပ်များ တင်ပို့ခဲ့ကြောင်း ဗီယက်နမ်အဝတ်အစားနှင့် အထည်အလိပ်အဖွဲ့အစည်း (ဗီတာ့စ်)က အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

တိုးတက်မှု

ဗီယက်နမ်နိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်တွင် ယခုပထမကိုးလအတွင်း အဝတ်အစားနှင့်အထည်အလိပ်လုပ်ငန်းမှ စုစုပေါင်းဝင်ငွေ ၄ ဒသမ ၅ ဘီလီယံ ရရှိခဲ့ပြီး နှစ်ချင်းအလိုက် တိုးတက်မှု ၂၇ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့သည်။

မျှော်မှန်း

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် အဝတ်အစားနှင့် အထည်အလိပ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ဘီလီယံရရှိမည်ဟု မျှော်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကျူးကျော်တိုက်ခိုက်ခံရမှုကြောင့် အီရတ်ပြည်သူ ၆၅၅၀၀၀သေဆုံးခဲ့ရ

လန်ဒန် အောက်တိုဘာ ၁၂

အီရတ်နိုင်ငံအား ၂၀၀၃ခုနှစ် မတ်လက အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်နိုင်ငံသားများသေဆုံးမှုမှာ ၆၅၅၀၀၀ ရှိကြောင်း အမေရိကန်နှင့် အီရတ်ပြည်သူကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက ခန့်မှန်းတွက်ချက်ပြောကြားသည်။ မိမိတို့သည် ၂၀၀၃ ခုနှစ် မတ်လ ၁၈ရက်က ကျူးကျော် ဝင်ရောက်ချိန်မှစ၍ ခန့်မှန်းတွက်ချက် ကြည့်ရာ အီရတ်နိုင်ငံသား ၆၅၅၀၀၀ သေဆုံးခဲ့ကြောင်း အမေရိကန်ပြည်သူ့ကျန်းမာရေးကျောင်း ဂျွန်ဟော့ကင်း ဘလွန်းဘတ်ကျောမှ ဂဲလ်ဘတ်ဘန်ဟမ်းက ပြောကြားသည်။

ယင်းမှာ အီရတ်လူဦးရေ၏ ၂ ဒသမ ၅ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည် နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသမဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိ

ရန်ကုန် အောက်တိုဘာ ၁၂

ယနေ့ ကျင်းပသည့် အမျိုးသား ညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" အတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြသွားရာ အောက်ပါအတိုင်းဖြစ်သည်-

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၂၄ရက်နေ့မှ ၃၀ရက်နေ့အထိ ကျင်းပပြီးခဲ့တဲ့ အမျိုးသားညီလာခံကြီးမှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်**"နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့်တာဝန်များအခန်း"** နဲ့ **"တပ်မတော်အခန်း"**တို့အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်နိုင်ဖို့ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ကိုယ်စားလှယ်များက စာတမ်းများတင်သွင်းလျက် အကြံပြု ဆွေးနွေးကြပြီး ဖြစ်ပါတယ်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ၂၄ရက်နေ့မှ ၃၀ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ စုံညီအစည်းအဝေးမှာ ကိုယ်စားလှယ် အစုအဖွဲ့လိုက် တင်ပြခဲ့ကြတဲ့ အကြံပြုချက် စာတမ်းများဟာဆိုရင်-

(က) နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့က (၇) စောင်
(ခ) ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က (၄) စောင်
(ဂ) တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က (၁) စောင်
(ဃ) တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က (၁) စောင်
(င) အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က (၁) စောင်
(စ) အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က (၁) စောင်
(ဆ) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က (၁) စောင်
(ဇ) အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က (၁) စောင်

စုစုပေါင်း (၁၇)စောင်ဖြစ်ပါတယ်။

အဲဒီ အကြံပြုချက်စာတမ်းတွေကိုလည်း အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်အချို့တို့က ဖတ်ကြားတင်ပြခဲ့ကြတဲ့အတွက် ညီလာခံကိုယ်စားလှယ်အားလုံး ကြားသိကြပြီး ဖြစ်ပါတယ်။ အဲဒီအကြံပြုချက် စာတမ်းများပါ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့ရဲ့ ကောက်နုတ်စုစည်းချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက-

"ကျွန်တော်တို့နိုင်ငံတော်အတွက် ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲတဲ့အခါ 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ'ကို တိတိကျကျနဲ့ ရှင်းရှင်းလင်းလင်းဖော်ပြပါရှိဖို့ လိုအပ်ပါတယ်။ ဒါမှသာဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာဖတ်ရှုတဲ့အခါ နိုင်ငံသားဖြစ်ဖို့အတွက် ဘယ်လိုအချက်တွေ လိုအပ်တယ်၊ နိုင်ငံသားတွေအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူပိုင်ခွင့်ရှိတဲ့ မူလအခွင့်အရေးတွေဟာ ဘာတွေဖြစ်တယ်၊ မိမိတို့အနေနဲ့ နိုင်ငံတော်အတွက် ဘယ်လိုတာဝန်တွေကို ထမ်းဆောင်ကြဖို့ လိုအပ်တယ်ဆိုတာ ရှင်းလင်းလွယ်ကူစွာ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံအများအပြားရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာတဲ့အခါ နိုင်ငံအတော်များများမှာ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို သီးခြားအခန်းတစ်ခန်း သတ်မှတ်ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ 'မူလအခွင့်အရေး'ဆိုတဲ့ ခေါင်းစဉ်နဲ့ နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားရှိပြီး ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ 'နိုင်ငံသား၊ နိုင်ငံသားများ၏အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ'ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်"

လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက-

"ကျွန်တော် ရှင်းလင်းတင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ'အခန်းနဲ့ စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်။"

"၁။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ၊

၂။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်။

၃။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

၄။ နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။

၅။ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းရရှိစေရမည်။

(က) ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊

(ခ) အလုပ်လုပ်ကိုင်မှု၊

(ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊

(ဃ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊

(င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊

(စ) သိပ္ပံနှင့်နည်းပညာများ ရှာဖွေဖော်ထုတ်မှု။

၆။ အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်။

၇။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိစေရမည်။

၈။ နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင် ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ သာသနာ၊ အမျိုးသား၊အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား "ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။"

၉။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ။

၁၀။ နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြား ဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

၁၁။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်အတွင်း မည်သည့် အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့် ရှိသည်။

၁၂။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

၁၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ် ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။

၁၄။ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူအရောင်းအဝယ်ပြုမှုများကို တားမြစ်သည်။

၁၅။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။

၁၆။ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် မည်သူမဆို ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ် ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိရမည်။

၁၇။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးရာ ဆောင်ရွက်မှုတို့ကို အထက်ပါ ဘာသာ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ။

၁၈။ ထိုသို့ ဘာသာ သာသနာရေးနှင့် စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူအကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၁၉။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၂၀။ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာ ဘာသာများဟူ၍ အသိအမှတ်ပြုသည်။

၂၁။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာသာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၂၂။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော် လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေ ပြဋ္ဌာန်းနိုင်သည်။

၂၃။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများသည် အချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ-

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊

(ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်၊

(ဂ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့်အနုပညာ ခေတ်မီတိုးတက်အောင် တီထွင်ကြံဆ ဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာသုတေသနပြု ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်။

၂၅။ နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာ ဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမထားရှိဘဲ မိမိတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်။

၂၆။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၂၇။ လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၂၈။ နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားများသည် စီးပွားရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂၉။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။

၃၀။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင် တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်။

၃၁။ ပြစ်မှုကျူးလွန်သူ မည်သူကိုမဆို ယင်းပြစ်မှု ကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာ ဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်း မပြုရ။

စာမျက်နှာ ၆ ကော်လံ ၁ သို့

ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိ

စာမျက်နှာ ၅ မှ

၃၂။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွတ်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှု ထင်ရှားစီရင်သည့် စီရင်ချက်သို့မဟုတ် အမှုမှအပြီးအပြတ်လွတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ်တစ်ဖန်ပြန်လည် စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှအပ ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

၃၃။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေရမည်။

၃၄။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သော ကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ (၂၄)နာရီထက်ပို၍ ချုပ်နှောင်ခြင်း မပြုရ။

၃၅။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့်ရှိရမည်။

၃၆။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော်အမိန့် တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာရှိရမည်–
(က) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊
(ခ) အာဏာပေး စာချွန်တော်အမိန့်၊
(ဂ) တားမြစ်စေ စာချွန်တော်အမိန့်၊
(ဃ) အာဏာပိုင်မေး စာချွန်တော်အမိန့်၊
(င) အမှုခေါ် စာချွန်တော်အမိန့်။
ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့် အာဏာသည် အခြားတရားရုံးများအား တည်ဆဲ ဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့် သဘောမျိုး သက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့် အာဏာကို မထိခိုက်စေရ။

၃၇။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး အပိုဒ် ၃၆ပါ အခွင့်အရေးများ တောင်းခံခွင့်ကို ရပ်ဆိုင်းမထားရ။
(က) စစ်မက်ဖြစ်ပွားချိန်၊
(ခ) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊
(ဂ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊

၃၈။ နိုင်ငံခြား တိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၃၉။ အောက်တွင် ဖော်ပြထားသော အခြေအနေနှင့် အချိန်အခါမှအပ နိုင်ငံသားများ၏ တရားဝင် ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်း မပြုရ–
(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊
(ခ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊
(ဂ) အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်၊

၄၀။ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများ ရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သော အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်း ပြုရမည်။

၄၁။ နိုင်ငံသားတိုင်းသည်–
(က) ပြည်ထောင်စုမပြိုကွဲရေး၊
(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်
(ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး
တို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

၄၂။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၄၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၄၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။

၄၇။ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

၄၈။ ဤအခန်းပါ "နိုင်ငံတော်"ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့် အာဏာကို သော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကိုဆိုလိုသည်။"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၇)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"နိုင်ငံ အများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသည့်အခါ နိုင်ငံအတော်များများ၌ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို သတ်မှတ် ဖော်ပြထားခြင်းများရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင်မက မြန်မာနိုင်ငံ၌ ကျင့်သုံးဖော်ဆောင်ခဲ့သည့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၌လည်း အလားတူ ပြဋ္ဌာန်းမှုများ ရှိခဲ့ပါသည်။ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ပါရှိသကဲ့သို့ နိုင်ငံသားများအနေဖြင့် ထမ်းဆောင်ရမည့် တာဝန်များရှိလာမည် ဖြစ်ပါသည်။ လုပ်ငန်းကော်မတီ၏ ချပြရှင်းလင်းချက်တွင် အဆိုပါအင်္ဂါရပ်နှစ်ရပ်လုံး အကျုံးဝင်ပါရှိကြောင်း တွေ့ရှိရသဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင် ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ"ဟု ပါရှိပါသည်။

အဆိုပါအချက်မှာ လူမျိုး၊ ဘာသာ သာသနာ၊ အမျိုးသား၊ အမျိုး သမီး၊ ဆင်းရဲ၊ ချမ်းသာမရွေးတန်းတူညီမျှရှိစေရေးကို အာမခံချက်ပေးထားခြင်းဖြစ်သည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏ အကျိုး စီးပွားအလို့ငှာ ထိရောက်စွာ အသုံးပြုနိုင်ရေးကို အထောက်အကူဖြစ်စေနိုင်ပြီး အမျိုးသမီးထုတစ်ရပ်လုံးနှင့် ပြည်သူအများက လိုလားထောက်ခံကြမည်ဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါသည်။ သို့ရာတွင် အဆိုပါအပိုဒ်၌ ဆက်လက်ဖော်ပြထားသည့်–

'သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မဖြစ်စေရ' ဟူသောအချက်ကို အခြေခံဥပဒေ၌ ထည့်သွင်းရေးသားခြင်းမပြုဘဲ ဖြစ်နိုင်ပါက သီးခြားဥပဒေများ ပြဋ္ဌာန်း၍ဖြစ်စေ၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အမိန့်များ၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ဖြင့် ဆောင်ရွက်ပါက သင့်လျော်မည်ဟု အကြံပြုတင်ပြအပ်ပါသည်"

လို့ အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြတဲ့ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းမှ–

(၁) နိုင်ငံသားဖြစ်မှုနဲ့ စပ်လျဉ်းတဲ့အချက် (၂) ချက်
(၂) နိုင်ငံသားတိုင်း တန်းတူညီမျှ အခွင့်အရေးရရှိရေးနဲ့ စပ်လျဉ်းတဲ့ အချက် (၆) ချက်
(၃) နိုင်ငံသားများ လွတ်လပ်မှုအခွင့်အရေးနဲ့ စပ်လျဉ်းတဲ့အချက် (၅) ချက်
(၄) နိုင်ငံသားများအား ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်းနဲ့ စပ်လျဉ်းတဲ့အချက် (၂) ချက်
(၅) နိုင်ငံသားများ ဘာသာသာသနာဆိုင်ရာ ကိုးကွယ်မှုနဲ့ စပ်လျဉ်းတဲ့အချက် (၇) ချက်
(၆) နိုင်ငံသားများ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အခွင့်အရေးများနဲ့ စပ်လျဉ်းတဲ့အချက် (၃) ချက်
(၇) နိုင်ငံသားများ၏ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးနဲ့ စပ်လျဉ်းတဲ့အချက် (၂) ချက်
(၈) နိုင်ငံသားများ စီးပွားရေးဆိုင်ရာ အခွင့်အရေးနဲ့ စပ်လျဉ်းတဲ့အချက် (၃) ချက်
(၉) ပြစ်မှုဆိုင်ရာ အခွင့်အရေးနဲ့ စပ်လျဉ်းတဲ့အချက် (၄) ချက်
(၁၀) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရယူနိုင်တဲ့ အခွင့်အရေးနဲ့ ပတ်သက်တဲ့အချက် (၆) ချက်
(၁၁) နိုင်ငံသားများရဲ့တာဝန်များနဲ့ ပတ်သက်တဲ့အချက် (၇) ချက်
(၁၂) 'နိုင်ငံတော်'လို့ဆိုတဲ့စကားရပ်နဲ့စပ်လျဉ်းတဲ့အချက် (၁) ချက်

စုစုပေါင်း အသေးစိတ်အခြေခံရမယ့်မူ (၄၈)ချက်အား အခြေခံမူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များကို လေ့လာသုံးသပ်ရာတွင် ပြည့်စုံလုံလောက်မှုရှိပြီး စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်တဲ့ အချက်(၄၈)ချက်ကို တွေ့ရှိရပါတယ်။

သို့ပါ၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ စုစည်းတင်ပြထားသော အချက်(၄၈)ချက်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အမှတ်စဉ်(၁)မှ(၄၈)အထိပါအချက်များကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်က–

"နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အချက်(၄၈)ချက်ကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနဲ့ ညီညွတ်ရေးပါတီက–

"နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ အခန်းတွင် ပါရှိတဲ့ 'နိုင်ငံတော်'ဆိုသည့် စကားရပ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များမှာ အထူးသင့်မြတ် ဆီလျော်ကောင်းမွန်ပါသဖြင့် ရှင်းလင်းချက်ပါ အချက်များအတိုင်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

"အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းလို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းစုစည်းတင်ပြထားတဲ့ အသေးစိတ် အခြေခံ ရမယ့်မူ (၄၈)ချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ရန်သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရှာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့်ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်(၄၈)ချက်အပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်များအနေနဲ့–

"နိုင်ငံတော်တစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲတဲ့နေရာမှာ အရေးကြီးသလို ရေးဆွဲပြဋ္ဌာန်းပြီးတဲ့ အခြေခံဥပဒေဟာလည်း အချိန်မရွေး၊ နေရာဒေသမရွေး၊ လူပုဂ္ဂိုလ်မရွေး၊ ကျိုးကြောင်းပြချက်မရွေး၊ အခြေအနေ၊ အချိန်ကာလတိုင်းမှာ ထာဝစဉ်တန်ခိုးထက်မြက်ပြီး အသက်ရှင်နေဖို့ အလွန်တရာ အရေးကြီးလှပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ထာဝစဉ်ရှင်သန်စေနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများနဲ့တကွ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များကို သီးသီးသန့်သန့် တိတိကျကျ ပြဋ္ဌာန်းထားရှိပေးဖို့လည်း လိုအပ်မှာဖြစ်ပါကြောင်း"ဟုလည်းကောင်း၊

"ညီမျှမှုအခွင့်အရေးများ"နဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြဆွေးနွေးလိုပါတယ်။ အနာဂတ်နိုင်ငံတော်သစ်ကို ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်များဖြင့် တည်ဆောက်သွားမှာဖြစ်ကြောင်း ချမှတ်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးမူအရ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ကူးလူးဆက်ဆံလုပ်ကိုင်နေကြမှာ ဖြစ်ပါတယ်။ နိုင်ငံခြားတိုင်းပြည်များမှ မိမိနိုင်ငံတွင် လာရောက်လုပ်ကိုင်ကြသည့်နည်းတူ မိမိနိုင်ငံမှလည်း နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်လုပ်ကိုင်ကြမှာဖြစ်ပါတယ်။ နိုင်ငံခြားမှာ တရားဝင်သွားရောက်လုပ်ကိုင်သည့်အတွက် နိုင်ငံတော်မှ သတ်မှတ်သည့် အခွန်၊ အခများ နိုင်ငံတော်သို့ ပေးဆောင်ကြရပါတယ်။ နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားငွေများ ရရှိလာတာအမှန်ဖြစ်ပါတယ်။ ပြည်တွင်းတွင် ကျန်ခဲ့သည့် မိသားစုများထံသို့လည်း ငွေများပြန်လည်ပို့ပေးနိုင်သဖြင့် ပြည်တွင်းလှည့်လည်သုံးစွဲမှု အပိုင်းမှာလည်း တိုးတက်လာပါတယ်။ သို့ဖြစ်သည်နှင့် အားလျော်စွာ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေကြသော မိမိနိုင်ငံသားများအား နိုင်ငံတော်က ဥပဒေနဲ့အကာအကွယ်ပေးသင့်ပါတယ်။ တချို့နိုင်ငံများတွင် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့်လည်းကောင်း၊ စစ်မက်ရေးရာ အခြေအနေ တစ်ခုခုကြောင့်သော်လည်းကောင်း မိမိတို့နိုင်ငံသားများကို ပြန်လည်ခေါ်ယူဖို့လိုအပ်လာရင် သက်ဆိုင်ရာနိုင်ငံများမှလည်း ပြန်လည်ခေါ်ဆောင်ပေးနေတာကိုလည်း ကြားသိမြင်တွေ့နေရပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနှင့်လည်း စီမံဆောင်ရွက်ပေးသင့်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျန်နေခဲ့တဲ့ မိမိနိုင်ငံသားများအားလည်း ဥပဒေနဲ့အညီ နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးသင့်ပါတယ်။ အဆိုပါကိစ္စအတွက် နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နည်းဥပဒေများ၊ ပြဋ္ဌာန်းချက်များတွင် တိတိကျကျ ပြဋ္ဌာန်းထည့်သွင်းပေးသင့်ပါကြောင်း"ဟုလည်းကောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

13-10 (06) 1 10/13/06, 1:08 AM

စာမျက်နှာ ၆ မှ

"ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတဲ့နိုင်ငံများမှာ မီဒီယာတွေကို လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပြုကြတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ကိစ္စများ(တိုးတက်အောင်မြင်တာတွေရော၊ ဆုတ်ယုတ်ရှုံးနိမ့်တာတွေပါ မကောင်းတာတွေရော၊ ကောင်းတာတွေပါ)ပြည်သူတို့သိရှိသင့်သမျှ သိရှိနိုင်အောင် ဖွင့်ပေးရပါမယ်။ အမှန်ကို အမှန်အတိုင်းသာ သိခွင့်ရရင် ကောလာဟလဆိုတာလည်း ပေါ်လာစရာမရှိပါ။ ကုန်ဈေးနှုန်းသတင်းအမှန်ကို သိပါမှ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိလာမယ်။ အုပ်ချုပ်ရေးသတင်းအမှန်ကိုသိပါမှ ပြည်သူဘဝ တည်ငြိမ်အေးချမ်းသာယာလာမယ်။ စီးပွားရေးဆိုင်ရာသတင်းအမှန်ကို သိခွင့်ရရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ကြိုးစားဆောင်ရွက်လာနိုင်ကြမှာဖြစ်ပါတယ်။ IT နည်းပညာတွေ လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းလာနေတဲ့ ယနေ့ခေတ်ကာလမှာ ပြည်တွင်းမီဒီယာတွေကို ထိန်းချုပ်မှုလွန်ကဲလွန်းရင် ပြည်သူတွေအနေဖြင့် ပြင်ပမီဒီယာတွေကိုသာ အာရုံစူးစိုက် စိတ်ဝင်စားလာပါလိမ့်မယ်။ စိတ်ဝင်စားမှုများပြားလာတာနဲ့အမျှ ပြင်ပမီဒီယာတွေက လွှမ်းမိုးနေရာယူလာမှာဖြစ်ပါတယ်။ ဒီအတွက် နောင်ဖြစ်ပေါ်လာမယ့် အနာဂတ်နိုင်ငံသစ်တွင် သင့်တော်တဲ့ ဥပဒေ၊ နည်းဥပဒေများကိုပြဋ္ဌာန်းပြီး ဥပဒေနဲ့အညီ မီဒီယာလုပ်ငန်းတွေကို ခွင့်ပြုသင့်ပါကြောင်း"ဟုလည်းကောင်း၊

"စာပေနှင့်ယဉ်ကျေးမှု ကွယ်ပျောက်ရင် လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါတယ်။ စာပေနှင့်ယဉ်ကျေးမှုမထိန်းသိမ်းနိုင်လို့ လူမျိုးပါကွယ်ပျောက်သွားတဲ့ အဖြစ်အပျက်များရှိကြောင်း ကမ္ဘာမှာ သာဓကများစွာရှိပါတယ်။ သို့ဖြစ်၍ အချို့တိုင်းရင်းသားလူမျိုးနွယ်စုများရဲ့ စာပေနှင့်ယဉ်ကျေးမှု ထိန်းသိမ်းနိုင်ရေး၊ တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်စေရေးတို့အတွက် နိုင်ငံတော်မှ ငွေကြေးများ ထောက်ပံ့ပေးခြင်း၊ လိုအပ်တဲ့ပစ္စည်းများထောက်ပံ့ပေးခြင်းတို့ကို ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ပေးသင့်ပါတယ်။ ယခုအခါ ယဉ်ကျေးမှုတက္ကသိုလ်ကြီးလည်း ဖွင့်လှစ်ပြီးဖြစ်ရာ ယင်းတက္ကသိုလ်၌ တိုင်းရင်းသားစာပေယဉ်ကျေးမှုများကိုလည်း ဘာသာရပ်ဆိုင်ရာသင်ခန်းစာအဖြစ်ပြဋ္ဌာန်းပြီး မသင်မနေရ သင်ကြားစေသင့်ပါတယ်။ အဲဒါမှ တိုင်းရင်းသားအချင်းချင်း တန်းတူမှုကိုထိန်းသိမ်းရာကျမှာဖြစ်ပြီး အပြန်အလှန်လေးစားယုံကြည်မှုများလည်း ရရှိလာနိုင်မှာဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။ တိုင်းရင်းသားလူမျိုးနွယ်စုများလည်း မြန်မာနိုင်ငံတည်သရွေ့ ရှင်သန်နေကြမှာဖြစ်ပါတယ်။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုး နွယ်စုတိုင်းဟာ မိမိတို့မြတ်နိုးတဲ့စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများကို လွတ်လပ်စွာဖော်ထုတ်၊ ထိန်းသိမ်းခွင့်ရှိစေသင့်သလို နိုင်ငံတော်မှလည်း လိုအပ်တဲ့ ပံ့ပိုးကူညီမှုများကို အခါအားလျော်စွာ ထောက်ပံ့ပေးသင့်ပါကြောင်း"ဟု လည်းကောင်း၊

"ပညာသင်ကြားရေးနဲ့ပတ်သက်လို့လည်း လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ အခြားဆက်သွယ်ရေးနည်းလမ်းများ၊ သင်ကြားရေးဆရာ၊ ဆရာမပြည့်စုံမှု၊ လျှပ်စစ်မီးရရှိမှု၊ ပြင်ပကျူရှင်များကောင်းကောင်းဖြစ်ထွန်းမှုစတဲ့ ဒေသများမှ ကျောင်းသူ၊ ကျောင်းသားများဟာ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သင်ကြားရေးဆရာလုံလောက်မှုစတဲ့ အထက်ဖော်ပြပါ အချက်အလက်များနဲ့ မပြည့်စုံတဲ့ဒေသများ အထူးသဖြင့် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများက ကျောင်းသူ၊ ကျောင်းသားများထက် သာလွန်နေတာကို တွေ့ရပါတယ်။ ဒါဟာလည်း သဘာဝကျပါတယ်။ ဒါပေမယ့် တိုင်းပြည်အတွက်တော့ ကောင်းတဲ့အဖြေဖြစ်မလာနိုင်ပါ။ အနာဂတ်နိုင်ငံတော်သစ်တွင် အခုလို ကွာဟမှုမျိုးမဖြစ်ပေါ်စေရန်နှင့် ကွာဟမှုများ နည်းနိုင်သမျှနည်းပါးစေရန်အတွက် နိုင်ငံတော်က လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေများဖြင့် စီမံဆောင်ရွက်ပေးသင့်ပါကြောင်း"ဟု လည်းကောင်း၊

"ပြည်တွင်းစားသောက်ကုန်ဝယ်ယူဖြန့်ဖြူးရေးအပိုင်းတွင်လည်း ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လွတ်လပ်စွာရောင်းဝယ်ဖောက်ကားခွင့် ပေးသင့်ပါတယ်။ ဗဟိုချုပ်ကိုင်မှုစီးပွားရေးစနစ် (သို့မဟုတ်) အမိန့်ပေးစီးပွားရေးစနစ်ကာလအတွင်းကကဲ့သို့ ပိတ်ဆို့ရှာဖွေ၊ ဟန့်တားခြင်းမျိုး (လုံးဝ) မပြုလုပ်သင့်တော့ပါ။ ရှာဖွေရေး(ဂိတ်)တွေထားပြီး ရှာဖွေဟန့်တားခြင်းသည် ပြည်တွင်းကုန်စည်စီးဆင်းခြင်းကိုသာ ရပ်တန့်စေမှာဖြစ်ပြီး ကုန်ဈေးနှုန်းကိုသာ ပို၍မြင့်တက်လာစေမည်ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်မှု ထိရောက်သောအကျိုးကျေးဇူးများရရှိနိုင်မှာ မဟုတ်ပါ။ အနာဂတ်နိုင်ငံတော်သစ်တွင် ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လိုအပ်သည့်ဥပဒေများကိုပြဋ္ဌာန်းပြီး နိုင်ငံတော်က စီမံဆောင်ရွက်သင့်ပါကြောင်း"ဟုလည်းကောင်း၊

"ဥပဒေနဲ့မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများဆောင်ရွက်တဲ့အခါမှာ ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသင့်ပါတယ်။

မည်သို့ပင်ဖြစ်စေ နောင်ဖြစ်ပေါ်လာမည့် အနာဂတ်နိုင်ငံတော်သစ်တွင်–

၁။ ချမ်းသာကြွယ်ဝသူများ ပို၍ ချမ်းသာကြွယ်ဝလာခြင်း၊

၂။ လူလတ်တန်းစားများ ထိခိုက်နစ်နာလာခြင်း၊

၃။ ဆင်းရဲသူများ ပို၍ဆင်းရဲလာခြင်း၊

များ မဖြစ်ရလေအောင် ပြည်သူများ၏ဝင်ငွေ လွန်ကဲစွာ ကွာဟမှုနှင့် အလုပ်လက်မဲ့ လွန်ကဲမှုများကို နိုင်ငံတော်အစိုးရက လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပြီး မလွဲမသွေထိန်းသိမ်းပေးရန် လိုအပ်မှာဖြစ်ကြောင်း"ဟု လည်းကောင်း။

"နိုင်ငံသားများရဲ့စိတ်ချမ်းသာမှုနဲ့ အကျိုးစီးပွားဖြစ်ဖို့ ခိုင်မာတဲ့ ငွေကြေးဆိုင်ရာပေါ်လစီရှိဖို့ လိုအပ်ပါတယ်။ ငွေကြေးတန်ဖိုးဖောင်းပွမှု မဖြစ်စေရန်အတွက် ငွေကြေးအာမခံချက်များရှိရန် လိုအပ်ပါတယ်။ အမျိုးသားညီလာခံက စီးပွားရေးနဲ့ စပ်လျဉ်းတဲ့အခြေခံမှု(၇)ချက်တွင် "နိုင်ငံတော်သည် တရားဝင် ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု"ဟူ၍ ချမှတ်ခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ၎င်းအခြေခံမှုကိုပင် "စီးပွားရေးဆိုင်ရာ အခွင့်အရေးများ"အခန်းသို့ အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ပြောင်းရွှေ့ဖြည့်စွက် ဖော်ပြပေးသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ဒါကြောင့် "စီးပွားရေးဆိုင်ရာ အခွင့်အရေးများ"

၄။ နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင် ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု"ဟုလည်းကောင်း။

တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမှုထန်ပါ ၃ ဦးတို့က အကြံပြုဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ကြိုးပမ်းအားထုတ်

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနဲ့ စပ်လျဉ်းပြီး အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့အချက် (၄၈)ချက်ကို အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့် ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်အချက် (၄၈)ချက်အပေါ် ထောက်ခံဆွေးနွေးသွားတာတွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း အပိုဒ် (၂၄)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ပညာသင်ကြားခွင့်ရရှိနိုင်ကြောင်း ပါရှိသော်လည်း ကျန်းမာရေး ကိစ္စနှင့် ပတ်သက်၍ ဖော်ပြထားခြင်းမရှိပါသဖြင့် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့်အညီ ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်"ဟု သီးခြားအပိုဒ်ဖြင့် ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း" အကြံပြု တင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမယ့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မှုများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားခဲ့သည့် အချက် (၄၈)ချက်မှာ ကြောင်းကျိုးညီညွတ်၍ သင့်လျော်မှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–

"အမျိုးသား ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် ရှင်းလင်းတင်ပြထားသော အသေးစိတ် အခြေခံမှု (၄၈)ချက်အား အသေးစိတ် အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က

"၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့မှာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက လေ့လာတင်ပြထားတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များအ ခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မှု(၄၈) ရပ်နဲ့ အပိုဒ်ခွဲ ၂၉ ခုတို့ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းသားချင်း နိုင်ငံသားအားလုံး ရသင့်ရထိုက်တဲ့ ၊ရလည်းရရှိလိုကြတဲ့ အခွင့်အရေးများဖြစ်သလို နိုင်ငံသားအားလုံး ဥစ္စာရှင်လို ဥစ္စာရှင်ခဲဆိုသလို မိမိတို့ခံစားကြရမယ့် အခွင့်အရေးများကို စိတ်ချလက်ချ ရရှိအောင် ကိုယ်တိုင်ထမ်းဆောင်ရမယ့် တာဝန်များဖြစ်တဲ့အတွက် အသေးစိတ် အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းမှာ ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မှုများနဲ့ စပ်လျဉ်းပြီး စကားအသုံးအနှုန်း၊ စကားရပ် ရှေ့နောက်အစီအစဉ်များနဲ့ပတ်သက်ပြီး ပိုမိုတိကျပြည့်စုံစေလိုတဲ့ စေတနာဆန္ဒအရ အောက်ပါသီးခြားအကြံပြုချက်များကို တင်ပြအပ်ပါတယ်။

အပိုဒ် ၅။အပိုဒ်ခွဲ (စ)၌"သိပ္ပံနှင့် နည်းပညာများ ရှာဖွေဖော်ထုတ်မှု" ဆိုတဲ့ စကားရပ်တွင် ဝိဇ္ဇာပညာရပ်များမပါရှိသေးသည့်အတွက် ယင်းစကားရပ်အစား "ဝိဇ္ဇာ၊သိပ္ပံနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု" လို့ ဖြည့်စွက်ပြင်ဆင်သင့်၊ မသင့် စဉ်းစားနိုင်ရန် အကြံပြုတင်ပြအပ်ပါတယ်။

အပိုဒ် ၆ တွင် ဖော်ပြထားတဲ့"အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေး"ဟူသော စကားရပ်အစား အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများခံစားခွင့်ရရှိသည့်အတိုင်း အခွင့်အရေး"ဟု ပြင်ဆင်လျှင် အဓိပ္ပာယ်ပိုမို တိကျမည်ဟု ယူဆပါသဖြင့် ပြင်ဆင် သင့်၊မသင့် စဉ်းစားနိုင်ရန် အကြံပြု တင်ပြအပ်ပါတယ်။

အပိုဒ် ၃၄ "မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂၄ နာရီထက် ပို၍ ချုပ်နှောင်ခြင်းမပြုရ"ဟူသော စကားရပ်အစား မြန်မာစာ အထုံးအဖွဲ့ ပိုမိုပြေပြစ်စေရန်"စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ" ဟု ပြင်ဆင်သင့်၊ မသင့် စဉ်းစားနိုင်ရန် အကြံပြုတင်ပြအပ်ပါတယ်။

အပိုဒ် ၄၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်" ဆိုတဲ့စကားရပ်ကို အပြည့်အဝထောက်ခံပါတယ်။ နောင် ဒီကိစ္စအတွက် ဥပဒေပြဋ္ဌာန်းရာမှာ စစ်ပညာသင်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရမယ့် အသက်အရွယ် အပိုင်းအခြား၊ အချိန်ကာလ အပိုင်းအခြားများကို ဖော်ပြပေးဖို့ တင်ပြအကြံပြုအပ်ပါတယ်" ဟုလည်းကောင်း။

"နိုင်ငံသားများ ရပိုင်ခွင့် အခွင့်အရေးများနှင့်ပတ်သက်၍ သက်ကြီးရွယ်အိုများအား နိုင်ငံတော်က ပြုစုစောင့်ရှောက်ပေးရန် ဥပဒေတစ်ရပ် ချမှတ်ပေးသင့်ပါသည်။

နိုင်ငံအများအပြားတွင် Senior Citizen ဟု သတ်မှတ်သော သက်ကြီးရွယ်အိုများအား ထောက်ပံ့ကူညီမှုများကို နိုင်ငံတော်အစိုးရနှင့်အခြား အဖွဲ့အစည်းများကပါ ကူညီထောက်ပံ့မှုပေးကြပါတယ်။

သို့ပါ၍"သက်ကြီးရွယ်အိုအဖြစ် သတ်မှတ်ထားသော အရွယ်သို့ရောက်ရှိသော နိုင်ငံသားသက်ကြီးရွယ်အိုများကို နိုင်ငံတော်က ဥပဒေတစ်ရပ်သတ်မှတ်၍ ပြုစုစောင့်ရှောက်မှုပေးရန်"ဟု အသေးစိတ်အခြေခံရမယ့်မှု ချမှတ်ရန် သင့်၊ မသင့် အကြံပြုတင်ပြအပ်ပါတယ်။

အလားတူပင် နိုင်ငံတော်က ချမှတ်သော လူမှုရေးဦးတည်ချက် ၄ ရပ်နှင့်အညီ ကျန်းမာကြံ့ခိုင်သည့်နိုင်ငံသားများဖြင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်မည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်နံတစ်လျားရှိ အခြေခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးကို နေရာကွက်လပ်မကျန် ဆောင်ရွက်နိုင်ရန်မှာ အနာဂတ်နိုင်ငံတော်တွင်လည်း ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု Primary Health Care လူတိုင်းရရှိခံစားနိုင်စေရန် နိုင်ငံတော်မှ အခြေခံရပိုင်ခွင့်အဖြစ် ဥပဒေဖြင့် သတ်မှတ်ပေးသင့်ပါကြောင်းကိုလည်း အကြံပြုတင်ပြအပ်ပါတယ်"ဟု လည်းကောင်း အသိပညာရှင်၊ အတတ်ပညာကိုယ်စားလှယ်များအစုအဖွဲ့က အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က–

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မှုများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်တွင် နိုင်ငံသားဖြစ်ဖို့ လိုအပ်တဲ့ အရည်အချင်းများ၊ ဥပဒေအရာတွင် တန်းတူညီမျှမှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စည်းရုံးဟောပြောခွင့်၊ နိုင်ငံတော်အတွင်း အခြေစိုက် နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာ လုံခြုံမှုရရှိခွင့်၊ အခမ္ဘစေခိုင်းခြင်းမှကင်းလွတ်ခွင့်၊ မိမိယုံကြည်နှစ်သက်သည့် ဘာသာ သာသနာကို လွတ်လပ်စွာကိုးကွယ်ဆည်းကပ်ခွင့်၊ မိမိနှစ်သက်မြတ်နိုးသော စာပေ၊ ပညာနှင့် ယဉ်ကျေးမှုစသည်တို့ကို လွတ်လပ်စွာ ဖော်ထုတ်ဆောင်ရွက်ခွင့်၊ ဥပဒေပြုလွှတ်တော်များတွင် ရွေးကောက်တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်၊ နိုင်ငံတော်က ခွင့်ပြုသော စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်၊ ပြစ်မှုများတွင် ဥပဒေသတ်မှတ်ချက်များနှင့် အညီသာ ချုပ်နှောင်စစ်ဆေး စီရင်ပိုင်ခွင့်၊ မိမိဆုံးရှုံးနစ်နာသည့် အခွင့်အရေးများ အကာအကွယ်ရယူပိုင်ခွင့်တို့ကို ဖော်ပြထားတဲ့အပြင် နိုင်ငံသားများဟာ နိုင်ငံတော်ကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေး(၃)ပါးကို စောင့်ထိန်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးတို့အတွက် နိုင်ငံသားများ၏ တာဝန်များကိုပါ ဟာကွက်၊ ပျော့ကွက်မရှိ ဘက်စုံ၊ ထောင့်စုံမှ ပါဝင်အောင် ထည့်သွင်းဖော်ပြထားတဲ့အတွက် အားလုံးလျော်ကန်သင့်မြတ်မှုရှိပါကြောင်းနှင့် အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"လူသားတို့နှင့် ပတ်သက်တဲ့ အခြေခံအခွင့်အရေးဟာ အဓိပ္ပာယ်ကြွယ်ဝလှပါတယ်။ တစ်နေ့တခြားလည်း ပိုမိုကျယ်ပြန့်လာတာတွေ့ရပါတယ်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှာ စတင်တည်ထောင်ခဲ့တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ကျောရိုးဖြစ်တဲ့ ပဋိဉာဉ်စာတမ်းမှာ လူသားတို့ရဲ့မူလ အခွင့်အရေးနဲ့ ပတ်သက်သည့် အသုံးအနှုန်းများကို (၃)နေရာခန့်မှာတွေ့ရပြီး "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights)"တွင် လူသားတို့၏ လူ့အခွင့်အရေးများကို ကျစ်ကျစ်လျစ်လျစ် ပြုစုထားသည့်အချက်ပေါင်း ၃၀ ပါဝင်တာတွေ့ရပါတယ်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်မှာပါဝင်တဲ့ "နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်း"ပါ အချက်များသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း"ပါ အချက်အလက်အများအပြားနှင့် ကိုက်ညီမှုရှိတာကို တွေ့ရှိရ၍ ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဝမ်းမြောက်ကြိုဆိုမိပါကြောင်း" ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁

တပ်မတော်သည် အင်အားတောင့်တင်းပြီးခေတ်မီသည့် တစ်ခုတည်းသောတပ်မတော်ဖြစ် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်အဓိကတာဝန်ရှိ

ရန်ကုန် အောက်တိုဘာ ၁၂

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် "တပ်မတော်အခန်း"အတွက် အသေးစိတ်အခြေခံမူများချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်များ၏ အကြံပြု တင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့ဝင် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြသွားရာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ယခုဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခန်းတစ်ခန်းအဖြစ်ပါဝင်မယ့် 'တပ်မတော်အခန်း'နဲ့စပ်လျဉ်းပြီး သဘာပတိအဖွဲ့ရဲ့ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် အခြေခံရမယ့်မူများကို ၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့ပါတယ်။ အဲဒီအခြေခံရမယ့် မူများထဲမှာ 'တပ်မတော်'နဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများကို အောက်ပါအတိုင်း ချမှတ်ခဲ့ပါတယ်–

(က) တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့် တစ်ခုတည်းသောတပ်မတော်ဖြစ်သည်။

(ခ) တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ဂ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့ အားလုံး၏ အကြီးအကဲဖြစ်သည်။

(ဃ) တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။

(င) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။

(စ) တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။

အဲဒီလိုချမှတ်ခဲ့တဲ့အခြေခံရမယ့်မူများကို သက်ဆိုင်ရာအခန်းအတွက် ဆွေးနွေးတဲ့အခါ အခြေခံအဖြစ်ထားရှိဆောင်ရွက်ရန်လည်းကောင်း၊ သက်ဆိုင်ရာအခန်းအနေနဲ့ စပ်လျဉ်းတဲ့မူများကို သက်ဆိုင်ရာအခန်းအတွက် ဆွေးနွေးတဲ့အခါ ထိုအခန်းသို့ ပြောင်းရွှေ့ဖော်ပြရန်လည်းကောင်း၊ အဆိုပါ ညီလာခံစုံညီအစည်းအဝေးက သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးအတွက် တင်ပြရာမှာ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့တဲ့ တပ်မတော်နဲ့ စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများကိုအခြေခံပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်တဲ့အပြင် တပ်မတော်အခန်းသို့ ပြောင်းရွှေ့ဖော်ပြသင့်တဲ့အခြေခံရမယ့်မူများကို ပြောင်းရွှေ့ဖော်ပြဖို့လဲ တင်ပြသွားမှာဖြစ်ပါတယ်။"

လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော်တင်ပြခဲ့တဲ့လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး တပ်မတော်အခန်းနဲ့ စပ်လျဉ်းလို့ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

၁။ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်။

၂။ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။

၃။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်။

၅။ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။

၆။ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်။

၇။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲဖြစ်သည်။

၈။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှိုင်ငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။

၉။ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်။

၁၀။ တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

၁၁။ တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။

၁၂။ စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၃။ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံး၊ ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။

၁၄။ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်။"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အသေးစိတ် အခြေခံရမည့်မူများသည် ကမ္ဘာ့နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို သေချာစွာလေ့လာစိစစ်ပြီး မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာဓလေ့စရိုက် အခြေအနေများနှင့် ကိုက်ညီမှုရှိအောင် ပြုစုထားကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် တပ်မတော်ဆိုင်ရာအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများမှာလည်း မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ဆီလျော်ကိုက်ညီသည့်အပြင် အမျိုးသားညီလာခံက သဘောတူချမှတ်ခဲ့ပြီးသည့် တပ်မတော်ဆိုင်ရာ အခြေခံမူများဘောင်အတွင်းမှဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုရပါမူ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့် တပ်မတော်အခန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများသည် အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ပြီးဖြစ်သည့် ဦးတည်ချက်(၆)ရပ်နှင့် အခြေခံမူ(၁၀၄)ချက်ဘောင်အတွင်း ရေးဆွဲချမှတ်ထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း"

ထောက်ခံဆွေးနွေးသွား တာတွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ (၁၄)ချက်ကို တင်ပြခဲ့ပါသည်။ အဆိုပါ စုစည်းတင်ပြချက် အမှတ်(၁၄)တွင်–

'နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်'

ဟု ပါရှိပါသည်။

ယင်းအချက်အရ နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကျရောက်မှသာ တပ်မတော်က ကူညီဆောင်ရွက်ရမည့်သဘော သက်ဝင်နေပါသည်။ တပ်မတော်၏ ဗီဇနှင့်အစဉ်အလာ၊ တပ်မတော်အား ဖွဲ့စည်းတည်ဆောက် ထားမှု၊ တပ်မတော်၏ အတွေ့အကြုံနှင့် စွမ်းဆောင်နိုင်မှုတို့အရ တပ်မတော်သည် နိုင်ငံ၏ အမျိုးသားရေးအင်အားစုတစ်ခုဖြစ်သည်မှာ မည်သူမျှမငြင်းနိုင်ပါ။ တပ်မတော်သည် တိုင်းပြည်နှင့် လူမျိုးအတွက် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ၌ အစဉ်အဆက် ကူညီဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

ယခုလက်ရှိ အနေအထား၌လည်း နိုင်ငံသားများအတွက် ဘေးအန္တရာယ်မဟုတ်သော လူမှုရေးလုပ်ငန်းများ၊ မော်တော်ကားလမ်း၊ မီးရထားလမ်း၊ တံတားများ၊ ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်လျက်ရှိနေပါသည်။ ဘေးအန္တရာယ် ကျရောက်မှသာ ကူညီဆောင်ရွက်ရမည်ဆိုခြင်းကြောင့် ကျဉ်းမြောင်းသည့်သဘော သက်ဝင်နေပါသည်။ သို့ဖြစ်၍ တပ်မတော်အခန်းအတွက် စုစည်းတင်ပြသည့် အသေးစိတ်အခြေခံရမည့်မူများတွင် အချက်(၁၅)အဖြစ် အောက်ပါအတိုင်း၊

တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လာပါလျှင် လူမှုရေးအင်အားစုအဖြစ်လည်းကောင်း၊ စီးပွားရေးအင်အားစုအဖြစ်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါဝင်ဆောင်ရွက်နိုင်သည်'ဟု ဖြည့်စွက်သင့်ပါကြောင်း" တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတိုင်း၊ လူမျိုးတိုင်း၊ အခြေခံဥပဒေပညာရှင်တိုင်း မိမိနိုင်ငံဖြတ်သန်းလာခဲ့ရတဲ့သမိုင်းကြောင်း ဖြစ်ရပ်မှန်များကို အခြေခံပြီး မိမိနိုင်ငံကောင်းကျိုးအတွက် အကျိုးပြုစေတဲ့ အခြေခံဥပဒေတွေ ရေးဆွဲလေ့ရှိကြပေမယ့် ခေတ်ရေစီးကြောင်းနှင့် လူပုဂ္ဂိုလ်ရေစီးကြောင်းတွေကြောင့် အခြေခံဥပဒေဟာ ယိမ်းယိုင်လှုပ်ခါမှုတွေ ရှိနေတတ်ပါတယ်။ အခြေခံဥပဒေများရဲ့ ပျော့ကွက်၊ ဟာကွက် အားနည်းချက်ကြောင့် လူမှုရေး၊ စီးပွားရေး အကျပ်အတည်းတွေနဲ့ ပြင်ပပယောဂတွေ ပေါင်းစပ်လိုက်တဲ့အခါမှာ နိုင်ငံပြိုကွဲမှုကနေ လူမျိုးရေးစစ်ပွဲဆီကိုပါ ဦးတည်သွားစေတတ်တယ် ဆိုတာ ကမ္ဘာ့အခြေအနေများက မီးမောင်းထိုးပြလျက်ရှိနေပါတယ်။ ဒါကြောင့် ၁၀-၁-၂၀၀၆ ရက်နေ့ အမျိုးသားညီလာခံအစည်းအဝေးမှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ တပ်မတော်အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ အမှတ်စဉ်(၁)မှ (၁၄)အထိကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များကို လေ့လာသုံးသပ်မှုပြုသည့်အခါ တပ်မတော်အခန်းနဲ့ စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်သည့် အချက်(၁၄)ချက်ကို သင့်၊ မသင့် စုစည်းတင်ပြထားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူ(၁၄)ချက်ဟာ သင့်တော်ညီညွတ်မှုရှိကြောင်း တွေ့ရှိရပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "တပ်မတော်အခန်းနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့အချက်(၁၄)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးက "တပ်မတော်အခန်း"နဲ့ စပ်လျဉ်းလို့ စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူ(၁၄)ချက်နှင့် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့်စပ်လျဉ်းလို့ စုစည်းတင်ပြတဲ့ အသေးစိတ် အခြေခံရမယ့်မူ အချက်(၄၈)ချက်သည် ချမှတ်ပြီးသော အခြေခံမူများနှင့် ညီညွတ်ခြင်း၊ လောကပါလတရားများနဲ့ ညီညွတ်ခြင်း၊ အမျိုးသားညီလာခံ ဦးတည်ချက်(၆)ချက်တို့နဲ့ ညီညွတ်ခြင်းတို့ကြောင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနဲ့ညီညွတ်ရေးပါတီက "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များတွင် ပါရှိသည့် တပ်မတော်အခန်းပါ တပ်မတော်၏ တာဝန်များ၊ ကာကွယ်ရေးဦးစီးချုပ်၏ ပါဝင်မှုအခန်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်၊ တပ်မတော်ဆိုင်ရာ စစ်စည်းကမ်းများ တပ်မတော်သားများ၏ မိသားစုဆိုင်ရာ ထောက်ပံ့စောင့်ရှောက်ရေး အခြေခံမူများကို လေးနက်ပြည့်စုံ လုံလောက်စွာ ဖော်ပြပါရှိကြောင်း လေ့လာသိရှိရတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်

စာမျက်နှာ ၇ မှ

ဒါ့အပြင် သီးခြားအကြံပြုချက်များအနေနဲ့–

"ဥပဒေအရ ပြစ်ဒဏ်ကျခံ၍ ဆောင်ရွက်ရခြင်း၊ အများပြည်သူအကျိုးအတွက် ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်ကြောင်း အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်မှာပါဝင်တဲ့ အမှတ်စဉ် (၁၄)နှင့် (၁၅) အချက် (၂)ချက်အား အသေးစိတ် အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒီနေရာမှာ အကြံပြုလိုတဲ့ အချက်တစ်ချက်ကတော့ အမှတ်စဉ် (၁၄) မှာ ပါဝင်တဲ့ "လူအရောင်းအဝယ်" ဟူသော စကားရပ်အစား ၂၀၀၅ခုနှစ်တွင် ဥပဒေပြုခဲ့သော"လူကုန်ကူးခြင်း"ဟူသောစကားရပ်ဖြင့် အစားထိုးသင့်ပါကြောင်း" ဟုလည်းကောင်း၊

"ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အနေဖြင့် နိုင်ငံသားများ၏ တာဝန်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်–

(က) နိုင်ငံသားတိုင်းသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တို့ကို တန်ဖိုးထားလေးစားရန်နှင့် ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိသည်။

(ခ) နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိသည်။

(ဂ) နိုင်ငံသားတိုင်းသည် လူ့စွမ်းအားအရင်းအမြစ် (Human Resources) ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းကြဖို့ တာဝန်ရှိသည်။

(ဃ) နိုင်ငံသားတိုင်းသည် အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ပေးရန် တာဝန်ရှိသည်" ဟုလည်းကောင်း၊

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။ ။

(သတင်းစဉ်)

ပါဝင်မည့် တပ်မတော်အခန်းဆိုင်ရာ အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ‘ဝ’အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီက “နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်အခန်းအတွက် ကျွန်တော်တို့ ဖြည့်စွက်အကြံပြုတဲ့အချက်(၂)ချက်အား လိုအပ်ပါက ဖြည့်စွက်အသုံးပြုရန်နှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းစုစည်းချက်(၁၄)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့-

“၂၀၀၆ ခုနှစ် ဇန်နဝါရီလ၁၀ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားတဲ့ တပ်မတော်အခန်းနဲ့စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူ (၁၄)ချက်အနက်မှ အမှတ်စဉ်(၂) ဖြစ်တဲ့ ‘တပ်မတော်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်’ ဆိုတဲ့ အခြေခံရမယ့်မူကို အနည်းငယ်အကြံပြုလိုပါတယ်။

တပ်မတော်သည် ပြည်သူ့တပ်မတော်ဖြစ်သည့်အားလျော်စွာ လွတ်လပ်ရေးရရှိရေးအတွက် သွေးသွေးများစွာကျခံပြီး စွန့်စားတိုက်ခိုက်သောတော်လှန်ရေးမှ ပေါက်ဖွားသော တပ်မတော်ဖြစ်သည့်အားလျော်စွာ လွတ်လပ်ရေး ထပ်မံလက်လွတ်ဆုံးရှုံးမှုမရှိစေရန်ကိုလည်း ဆက်လက်ထိန်းသိမ်းရမယ့် တာဝန်ရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းကောက်နုတ် စုစည်းချက် အမှတ်စဉ်(၂)ဖြစ်တဲ့ တပ်မတော်အခန်း

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့-

“လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားသွားတဲ့ အချက်တစ်ချက်ဖြစ်တဲ့-

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။

ဆိုတဲ့ အချက်နဲ့ပတ်သက်ပြီး အကြံပြုလိုပါတယ်။

ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရာမှာ တပ်မတော်တစ်ခုတည်း ဖော်ဆောင်မှာမဟုတ်ပါဘူး။ တိုင်းရင်းသားပြည်သူများ ပါဝင်ကြရမှာဖြစ်ပါတယ်။ ဒီလိုပါဝင်ရာမှာ တက်ကြွစွာ ပါဝင်နိုင်ရေးဟာ အရေးကြီးပါတယ်။ ဒါမှလည်း ရည်မှန်းတဲ့ ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာ အောင်မြင်မှာ ဖြစ်ပါတယ်။ ဒီလိုတက်ကြွစွာ ပါဝင်နိုင်ရန်အတွက် တပ်မတော်ရဲ့ဆောင်ရွက်ချက်များဟာ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်များဖြစ်တယ်ဆိုတာ သိသာထင်ရှားဖို့လိုပါတယ်။ တစ်ခါ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်လို့ အသေးစိတ်အခြေခံရမယ့် မူလည်းရှိနေတဲ့အတွက် အထက်ဖော်ပြပါ အချက်မှာ **‘ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ’** ဆိုတဲ့ စကားရပ်ကိုထည့်သွင်းပြီး-

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက်‘ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ’ စီမံဆောင်ရွက်ခွင့်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေး စီမံဆောင်ရွက်ပိုင်ခွင့်ရှိ

အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖော်ပြထားတဲ့ ‘တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်’အစား ‘တပ်မတော်သည် လွတ်လပ်ရေးထိန်းသိမ်းရန်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်’လို့ဖြည့်စွက်ပြဋ္ဌာန်းပါက ပိုမိုပြည့်စုံ ဆီလျော်မည်ဖြစ်ကြောင်း” ဟုလည်းကောင်း။

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းစုစည်းတင်ပြတဲ့ တပ်မတော်အခန်းနဲ့စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူ အမှတ်စဉ်(၅)ကိုလည်း အနည်းငယ်ထပ်မံဖြည့်စွက်ပြီး အကြံပြုလိုပါတယ်။

တပ်မတော်သည် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် စီမံဆောင်ရွက်တဲ့နေရာမှာ ပြည်သူအများနဲ့ တိုက်ရိုက်ထိတွေ့ဆက်စပ်ပြီး လက်တွေ့လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ပိုမိုလွယ်ကူ ထိရောက်မှုရှိစေရေးအတွက် တပ်မတော်တစ်ဖွဲ့တည်း ဦးဆောင်စီမံဆောင်ရွက်သွားသည်ထက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောထားကိုရယူပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားပါက ပိုမိုအဆင်ပြေချောမွေ့ အောင်မြင်မှုရရှိစေမည်ဖြစ်ပါသဖြင့် စုစည်းချက်အပိုဒ်(၅)ဖြစ်တဲ့ ‘တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်’ ဆိုသည့် အသေးစိတ်အခြေခံရမယ့်မူချမှတ်မည့်အစား ‘တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်’လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ပြဋ္ဌာန်းပါက ပိုမို သင့်လျော်မည်ဖြစ်ကြောင်း”ဟုလည်းကောင်း ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက် စာတမ်းလေးစောင်အနက်-

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က-

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ‘တပ်မတော်အခန်း’နှင့်စပ်လျဉ်းတဲ့ ရှင်းလင်းပြောကြားချက်များဟာ ခေတ်ကာလ အခြေအနေအရ ဆီလျော်ညီညွတ်မှုရှိတဲ့အတွက် ရှင်းလင်းပြောကြားချက်ပါ အချက်(၁၄)ချက်အား ‘တပ်မတော်အခန်း’အတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က-

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် တပ်မတော်အခန်းနှင့်ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက် အချက်(၁၄)ချက်အပေါ် ထောက်ခံဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

လို့ ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒါမှလည်း ‘နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း’မှာ ပါဝင်တဲ့ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် ‘နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်’ဆိုတဲ့အချက်နဲ့အညီ ချိတ်ဆက်မိမှာဖြစ်ပါတယ်”

လို့ အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က-

“တပ်မတော်အခန်းနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့အချက်(၁၄)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က-

“တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များနဲ့စပ်လျဉ်းလို့-

တပ်မတော်အခန်းအတွက် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်တဲ့အချက်(၁၄)ချက်တို့မှာ ကြောင်းကျိုးညီညွတ်၍ သင့်လျော်မှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်းနှင့် သီးခြားအကြံပြုတင်ပြချက်များ တင်ပြရန်မရှိပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က-

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် တပ်မတော်အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံ ရမယ့်မူ (၁၄)ချက်သည် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အမျိုးသားနိုင်ငံရေးကို အစဉ်ထာဝရ ထိုက်တန်စွာ ပါဝင်ထမ်းဆောင်ခွင့်ရှိနေတဲ့ တပ်မတော်အတွက် လျော်ကန်သင့်မြတ်သော အချက်များဖြစ်ပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားများအစုအဖွဲ့က-

“၂၀၀၆ ခုနှစ် ဇန်နဝါရီလ၁၁ရက်နေ့က အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လေ့လာတင်ပြရှင်းလင်းခဲ့တဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူ (၁၄) ချက်ဟာ အထက်မှာ ကျွန်တော်ဖော်ပြသွားသည့်အတိုင်း နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့လုံခြုံရေးကို တာဝန်ယူဆောင်ရွက်သွားပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို စောင့်ရှောက်ကာကွယ်သွားရမယ့် တပ်မတော်အတွက် မလွဲမသွေလိုအပ်တဲ့ အသေးစိတ်အခြေခံရမယ့်မူများဖြစ်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က-

“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာပါဝင်မယ့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမယ့်မူများနှင့် စပ်လျဉ်းလို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၏ ရှင်းလင်းပြောကြားသည့် အချက်(၁၄)ချက်အား အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က-

“တပ်မတော်အခန်းနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အချက်(၁၄)ချက်ကို အသေးစိတ်အခြေခံရမယ့်မူ များအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့-

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ “တပ်မတော်”သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်” ဟူသောအချက်ကို အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ဒီနေရာမှာ အကြံပြုလိုတဲ့ အချက်တစ်ချက်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အထောက်အကူဖြစ်ပြီး တပ်မတော်၏ဂုဏ်သိက္ခာ ပိုမိုလေးနက်ပေါ်လွင်စေရန်အတွက် “တိုင်းရင်းသားပေါင်းစုံပါဝင်သည့်” ဟူသော စကားရပ်ကို ဖြည့်စွက်ပြီး “တိုင်းရင်းသားပေါင်းစုံပါဝင်သည့် တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်”ဟူ၍ အသေးစိတ် အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း” အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသား ညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် “နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များအခန်း”နဲ့ “တပ်မတော်အခန်း”တို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများနဲ့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အချို့မှ ညီလာခံကိုယ်စားလှယ်များက တင်သွင်းလာတဲ့ အကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ရဲ့ တွေ့ရှိချက်များကို ကောက်နုတ်စုစည်းတင်ပြလို့ ပြီးပါပြီ။

ဒီအကြံပြုချက်စာတမ်းတွေကို လေ့လာကြည့်ရင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များအတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ကိုယ်စားလှယ်အများအပြားက ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။ အချို့ကိုယ်စားလှယ်များကလည်း ထောက်ခံဆွေးနွေးသွားသည့်အပြင် သီးခြားအကြံပြုချက်များအနေနဲ့ အကြံပြုတင်ပြသွားကြတာလဲ တွေ့ရှိရပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

● ***ကျောဖုံးမှ***

လားဟူ အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး) အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင် အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသ အဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန် လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ) နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံ

စာမျက်နှာ ၁၀ ကော်လံ ၁

စာမျက်နှာ ၉ မှ

ခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် သဘာပတိအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစံသာအောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဒေါက်တာကံဇော်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ (ခေါ်)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

စုံညီအစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရှိ၍ အမျိုးသားညီလာခံစုံညီ အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ ကောက်နုတ်စုစည်းတင်ပြရာ၌ ရှေးဦးစွာ အလုပ်ကျ သဘာပတိအဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှတင်က **“နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း”**နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

စုစည်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ ကောက်နုတ်စုစည်းတင်ပြရာ၌ အလုပ်ကျ သဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဒေါက်တာကံဇော်က **“နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်း”** နှင့်စပ်လျဉ်း၍ ဖတ်ကြား တင်ပြပြီး အမျိုးသားညီလာခံစုံညီ အစည်းအဝေးကိုနံနက် ၁၀နာရီတွင်ခေတ္တရပ်နားသည်။

(“နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်း”နှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့၏ ဖတ်ကြားတင်ပြချက်များကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည် ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော် အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ ကောက်နုတ်စုစည်းတင်ပြရာ၌ အလုပ်ကျ သဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လောက တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ ကောက်နုတ်စုစည်းတင်ပြရာ၌ သဘာပတိ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစံသာအောင်က တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

(တပ်မတော်အခန်းနှင့် စပ်လျဉ်း၍ သဘာပတိအဖွဲ့၏ ဖတ်ကြားတင်ပြချက်များကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် အခမ်းအနားမှူးက အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် တင်ပြဆွေးနွေးသွားသည့် အကြံပြုချက်များအနက် သဘာပတိအဖွဲ့၏ ကောက်နုတ် စုစည်းတင်ပြချက်များအရ သီးခြားအကြံပြုချက်များလည်း ပါရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ယင်း သီးခြားအကြံပြုချက်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက လေ့လာစိစစ်ပြီး ကိုယ်စားလှယ်အစုအဖွဲ့ အားလုံး၏ သဘောထားကို ရယူသင့်သည့် အကြံပြုချက်များတွေ့ရှိပါက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အနေဖြင့် သဘာပတိအဖွဲ့မှ တစ်ဆင့် ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို ရယူသွားရန်ရှိမည်ဖြစ်ကြောင်းနှင့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး ဆက်လက်ကျင်းပမည့်ရက်ကို ကြိုတင် အသိပေးမည်ဖြစ်ကြောင်းဖြင့် ကြေညာပြီး အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်နှင့် တွဲဖက်အခမ်းအနားမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

အလုပ်ကျ သဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဒေါက်တာကံဇော် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)



အလုပ်ကျ သဘာပတိအဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှတင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

သဘာပတိ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစံသာအောင် တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)



အလုပ်ကျ သဘာပတိ အဖွဲ့ဝင် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကံ့ကော်ကျွန်းတောရရိပ်သာ ကထိန်သင်္ကန်းလှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၁၂

လှည်းကူးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့် စေတီတော်ကြီး တည်ရှိရာ ကံ့ကော်ကျွန်းတောရရိပ်သာကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြကုန်သော သံဃာတော်များနှင့် ပင့်သံဃာတော်များအား စေတနာရှင်အလှူရှင်များက တန်ဆောင်မုန်းလဆန်း ၉ရက် အောက်တိုဘာ ၂၉ရက် (တနင်္ဂနွေနေ့)တွင် ကထိန်သင်္ကန်းလှူဒါန်းပွဲကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးလှသိန်းကျော် ဖုန်း ၀၉-၅၁-၃၇၁၇၆၊ ၅၄၂၇၇၁၊ ဦးအုံကူး ဖုန်း ၀၉-၅၀-၀၁၀၈၀နှင့် ၅၄၂၀၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၂

၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က တတိယဆုရရှိသော အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းအား ဆုချီးမြှင့်ပြီး ဒုတိယဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တစ်ဦးချင်း ဆုများကို ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက နေရာအလိုက်အကောင်းဆုံးဘောလုံး ဆုရရှိကြသူများနှင့် အသန့်ရှင်းဆုံးရရှိသော ကာကွယ်ရေး ဝန်ကြီးဌာန စခန်းမှူးရုံးအသင်းအား ဆုများကို ပေးအပ် ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဖလားဆုကြီးနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်ချီးမြှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့် အောက် တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား ဆုကြီးနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကျေးရွာမူလတန်းကျောင်းများသို့ စာရေးခုံနှင့်ထိုင်ခုံများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၂

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက စစ်တွေမြို့နယ်ရှိ ကျေးရွာအခြေခံပညာမူလတန်း ကျောင်းများသို့ စာရေးခုံနှင့် ထိုင်ခုံများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက စစ်တွေမြို့နယ် ကျားမသောက်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ က စစ်တွေမြို့နယ် ကျေးရွာခြောက်ရွာရှိ အခြေခံပညာ မူလတန်းကျောင်းများ အတွက် စာရေးခုံနှင့် ထိုင်ခုံများကိုပေး အပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီး များက လက်ခံကြသည်။

ယင်းနောက် ကျားမသောက် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအောင်ကျော်သိန်းက အသင်းဝင်အဆို ပြုလွှာ ၄၆၀ ကို ပေးအပ်ရာ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဦးကျော်ရင် က လက်ခံပြီး ကျားမသောက်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသိန်း က ကျေးဇူးတင်စကား ပြန်လည်ပြော ကြားသည်။

တက်ရောက်

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် တိုင်းမှူးနှင့် ဗဟိုအလုပ် အမှုဆောင် ဝန်ကြီးတို့သည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသော ရခိုင် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံး ကျွတ် အစည်းအဝေး (၂၀၀၆) အခမ်း အနားသို့ တက်ရောက်ကြပြီး အမှာ စကားပြောကြားကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ခရိုင်နှင့် မြို့နယ်များမှ ၂၀၀၅-၂၀၀၆ ပညာသင် နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူး ဖြင့်ထူးချွန်အောင်မြင်သည့်ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်က ခြောက်ဘာသာ ဂုဏ်ထူး ရှင်နှစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် ခုနစ်ဦးအားလည်းကောင်း၊ ဗဟိုအလုပ် အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ က ငါး ဘာသာဂုဏ်ထူးရှင် ကိုးဦးအား လည်းကောင်း၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က နှစ် ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရှင် များအားလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လူ့စွမ်း အား အရင်းအမြစ် ဖွံ့ဖြိုးရေးဖောင် ဒေးရှင်းရန်ပုံငွေကျပ် ၇၂ သိန်း၊ ကျေး လက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၃၆ သိန်း၊ ရခိုင်ပြည်နယ်ရှိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းများသို့ အရင်းမပျောက် မတည်ငွေကျပ်သိန်း ၁၀၀၊ သော်တာ ဝင်းဆောက်လုပ်ရေးကုမ္ပဏီ ဦးစိုင်း ဖိလစ်က ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းများသို့ အရင်းမပျောက် မတည်ငွေကျပ် သိန်း ၅၀၊ Good Brother Co, Ltd. မှ ဦးလှဦးက ကျောက်ဖြူမြို့နယ် ပြင်ဖြူမော် အခြေခံ ပညာမူလတန်းကျောင်း တည်ဆောက် ရေးအတွက် ငွေကျပ်သိန်း ၅၀၊ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန် ကြားရေးမှူး၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်နှင့် ပြည်တွင်းရေကြောင်း ပို့ဆောင် ရေး ဦးဆောင်ညွှန်ကြားရေးမှူးတို့က ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ် နှစ်သိန်းစီ၊ အရဏ်ဦးဆောက်လုပ်ရေး နှင့် သီဟရာဇာကုန်ပို့လုပ်ငန်းတို့က ငွေကျပ်ငါးသိန်းစီ၊ အင်းပေါက်ဝ ကုမ္ပဏီ၊ ရွှေတံခါးကုမ္ပဏီ၊ အောင်ဇေ ကမ္ဘာကုမ္ပဏီ၊ ရခိုင် ဆန်စပါးကုန် သည်များအသင်းတို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်း ကြရာ ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူ များက လက်ခံကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်း အဝေး (၂၀၀၆)ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ဖြည့်ဆည်း

ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ညပိုင်းတွင် ပြည်နယ်အသင်းရုံး၌ ပြည်နယ်၊ခရိုင်၊မြို့နယ်များမှ အသင်းဝင် ကိုယ်စားလှယ်များနှင့် တွေ့ဆုံ အမှာ စကားပြောကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သိမ်ဆောက်လုပ်ရန် ကုသိုလ်ပါဝင်လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ကျေးတမာလမ်းရှိ ဇေတဝန်အောင်စံပရိယတ္တိ စာသင်တိုက်အတွင်း၌ သဒ္ဓမ္မဇောတိက ခဏ္ဍသိမ် ဆောက်လုပ်မည်ဖြစ်ရာ ရဟန်းမြတ်တို့မွေးဖွားပေးရာ သိမ်ဆောက် လုပ်ရာတွင် ပါဝင်လှူဒါန်းလို သူများသည် အထက်ပါစာသင်တိုက် သိမ်ဖြစ်မြောက်ရေးအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ မဟာဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၄) ကြိမ်မြောက် မဟာဘုံကထိန် မြတ်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်) အောက်တိုဘာ ၂၈ ရက် (စနေနေ့)နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း ပါဝင်ဆင်နွှဲလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၁၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူး မြို့နယ် ဝါးနက်ကုန်းစံပြကျေးရွာအုပ်စု (၁၁)ရပ်ကွက်အတွင်းရှိ အသက် ၇၀ အထက် အဘိုးအဘွား ၁၃၅ ဦးတို့အား သက်ကြီးပူဇော်ပွဲ အကျိုးတော်ဆောင် နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့တို့ကဦးဆောင်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဝါးနက်ကုန်းစံပြကျေး ရွာအုပ်စု (၁၁) ရပ်ကွက်မှ ကျေးရွာသူ ကျေးရွာသား တို့က ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့် ကျော် ၉ရက် (အောက်တိုဘာ၁၅ ရက်) နေ့တွင် စိတ္တာသုခဘုန်းတော်ကြီးကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။ **(က-ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် မိဘများအားအမှူးထား၍ မင်းသိရိဇော်၊ သန္တာဝင်း၊ ဖြူမွန်သိန်း၊ ဖြိုးသဇင်မြင့်၊ သန္တာငွေး သူငယ်ချင်းတစ်စုအတွက် အလှူငွေကျပ်တစ်သိန်းကို ဒုဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၀-၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	Myanmar Video Rhythm
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	အံ့မခန်းဖူးတွေ့စရာ အလောင်းတော် ကဿပလိုဏ်ဂူမှာ
၈:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၅	အောင်မြင်ကျော်ကြား မြန်မာ့ စီးပွားရေးစွမ်းဆောင်ရှင်များ (LYNX Trading Co., Ltd.)
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ဖက်ရှင်ကျကျ ဒီဇိုင်းလှလှ (အပိုင်း-၂)
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	တံတားအလှပန်းလောင် (မန္တလေးတိုင်း)
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	Midweek Sports News
၉:၅၅	မိုးလေဝသခန့်မှန်းချက်
၁၀:၀၀	မျက်စိကုသခြင်းအလှူဒါန
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	Fashion Fever (ဂျွန်လွင်စီစဉ်သော မြန်မာနိုင်ငံ၏ အကြီးကျယ်ဆုံး ဖက်ရှင်သရုပ်ပြပွဲ)
၁၀:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	ရောဂါဘယကင်းဝေးဖို့ တိုင်းရင်းဆေးကိုသုံးကြစို့
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	ပုံရိပ်ဖမ်းစား ဓာတ်ပုံအနုပညာရှင်များ (ကိုအောင် Flash Memo)
၁၁:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၀	သာယာချို့အေး (၃၈)ဖြာမင်္ဂလာတေး (သူမြတ်ကျင့်ထုံးနှလုံးသွင်း)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ရန်ပုံငွေအထောက်အပံ့နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် အောက်တိုဘာ ၁၂

အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက် ရန်ပုံငွေအထောက်အပံ့ အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၅ သန်းအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ Country Coordinating Body ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ Country Coordinating Body အဖွဲ့ဝင်များဖြစ်ကြသော သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပမှ လူမှုရေးအဖွဲ့အစည်းများနှင့် ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

နားလည်မှု စာချွန်လွှာကို ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်ရန်ပုံငွေမန်နေဂျာဖြစ်သော UNOPS မှ အာရှပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာMr.Sunil Bhargava တို့ လက်မှတ်ရေးထိုးကြသည်။

လက်မှတ်ရေးထိုးပွဲမစမီ ရောဂါကြီး သုံးမျိုးအတွက် ထောက်ပံ့မည့် ရန်ပုံငွေညှိနှိုင်း ပေါင်းစပ်ရေး အဖွဲ့ဖြစ်သည့် Country Coordinating Body အစည်းအဝေးကို နံနက် ၉ နာရီတွင် အမျိုးသား ကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ Country Coordinating Body ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ပထမအကြိမ် ကျင်းပခဲ့သော Country Coordinating Body အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အဆိုပြုလွှာကို သက်ဆိုင်ရာ၏အတည်ပြုချက် ရရှိပြီးဖြစ်သဖြင့် ယနေ့တွင် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း၊ ၎င်းစာချွန်လွှာအရ ရောဂါသုံးမျိုး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများ အားလုံးက ပါဝင်ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ပြန်လည်ဆွေးနွေး

ဆက်လက်၍ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(ရောဂါ နှိမ်နင်းရေး)ကနားလည်မှုစာချွန်လွှာလက်မှတ် ရေးထိုးမည့် ရောဂါသုံးမျိုးအတွက် လုပ်ငန်းဆောင်ရွက်မည့် စီမံချက်များ ရေဆွဲထားမှု အခြေအနေကိုတင်ပြရာ တက်ရောက်လာကြသည့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်း များဖြစ်ကြသည့် UNAIDS, UNICEF, WHO, UNODC, UNDP ဌာနေကိုယ်စားလှယ်များက လည်းကောင်း၊ ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွင်းရေးမှူး ကလည်းကောင်း၊ ပြည်ပလူမှုရေးအသင်းအဖွဲ့များဖြစ်သည့် PSI, World Vision, Malteser တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လည်းကောင်း ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် Country Coordinating Body ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးနှင့် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခု လက်မှတ်ရေးထိုးသည့် အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားရောဂါသုံးမျိုးအတွက် အထောက်အပံ့ ရန်ပုံငွေကို ယူနိုက်တက်ကင်းဒမ်နိုင်ငံ (DEFID) ဥရောပကော်မရှင်၊ ဩစတြေးလျနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ နော်ဝေနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့မှ ထည့်ဝင်ကြမည်ဖြစ်သည်။ အထက်ပါ ရောဂါ သုံးမျိုးအတွက် ကမ္ဘာ့ရန်ပုံငွေ (Global Funds) မှဩဂုတ် ၂၀ ရက်တွင် ၎င်းတို့ဘက်မှ တစ်ဖက်သတ် အထောက်အပံ့ ရပ်ဆိုင်းပြီးနောက် ဖော်ပြပါနိုင်ငံများက ငါးနှစ် ကာလအတွက် အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၅ သန်းထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားရောဂါ ကာကွယ်ရေးလုပ်ငန်း ရန်ပုံငွေ မန်နေဂျာဖြစ်သော UNOPS မှ အာရှပစိဖိတ်ဒေသဆိုင်ရာဒါရိုက်တာ Mr.Sunil Bhargava တို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။ (သတင်းစဉ်)

ဝေဠုဝန်ကျောင်းတိုက် မဟာဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်၌ ဝါကပ်တော်မူကြသော သံဃာတော်အရှင်မြတ်၆၃ ပါးနှင့် ပင့်သံဃာအပါး၈၀တို့အား အကြိမ်(၉၀)မြောက် ကထိန်လျာ သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အဆိုပါ ကျောင်းတိုက်အတွင်း၌ (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း၉ရက်)အောက်တိုဘာ၂၉ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဒါတဗ္ဗဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အလှူဒါယကာ ဒါယိကာမအပေါင်းတို့အား ဘုံကထိန် ကျင်းပရေးအဖွဲ့က ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ အနောက်ရန်ကင်း (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ် တိုက်အမှတ် (၃၃၃) အခန်း ၆နေ ဦးကျော်စိုး-ဒေါ်ခင်မေအေး မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယဆရာတော် ဒေါက်တာပဝရာဘိဝံသ (ထေရဝါဒတက္ကသိုလ်)အရှင်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်လုပ်ငန်းများ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် အောက်တိုဘာ ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများအား ဘဏ်လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် မှန်ကန်မြန်ဆန်စွာ ထိရောက်ထက်မြက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် တောင်တွင်းကြီးမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ရောက်ရှိ စစ်ဆေးပြီး အခွန်ထမ်းဆောင်သူ ပြည်သူများကို အခွန်လုပ်ထုံးလုပ်နည်းများ၊ အခွန်အခြေခံ သတ်မှတ်မှုများကို ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရေး ပြောဆိုစည်းရုံးသွားရန်၊ နိုင်ငံတော်အပေါ် သစ္စာရှိစွာ၊ ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် တောင်တွင်းကြီးမြို့ မြန်မာ့အသေးစားချေးငွေလုပ်ငန်း မြို့နယ်ရုံးခွဲသို့ ရောက်ရှိစစ်ဆေးရာ တိုင်းမန်နေဂျာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မကွေးမြို့သို့ ရောက်ရှိပြီး မကွေးတိုင်း မြန်မာ့စီးပွားရေးဘဏ် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ညနေပိုင်းတွင် ရေနံချောင်းမြို့ မြန်မာ့စီးပွားရေးဘဏ်သို့လည်းကောင်း၊ ချောက်မြို့ မြန်မာ့စီးပွားရေးဘဏ်သို့လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဝန်ကြီးသည် တာဝန်ရှိ သူများလိုက်ပါလျက် အောက်တိုဘာ၇ရက် နံနက်ပိုင်းတွင် ညောင်ဦးခရိုင် မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိစစ်ဆေးရာ ခရိုင်ဘဏ်မန်နေဂျာနှင့် တာဝန်ရှိသူများက ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

တာဝန်သိစွာဆောင်ရွက်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် အောက်တိုဘာ၉ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ မန္တလေးမြို့ပေါ်နှင့် ဝန်းကျင် မြို့နယ်များမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ အရာထမ်းများကို တွေ့ဆုံ၍ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရာတွင် ရိုးသားမှန်ကန် တာဝန်သိစွာ ဆောင်ရွက်ကြရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၃-၁၀-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၂၃)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၁၃)

စိတ်ကြွရူးသွပ်ဆေးပြားများ တာချီလိတ်မြို့၌ ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ကွပ်ကဲမှုဖြင့် နယ်စပ်ဒေသမူးယစ်အထူးအဖွဲ့များသည် ထိုင်းနိုင်ငံ နယ်စပ်ဒေသမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ဝင်များနှင့် နှစ်နိုင်ငံအပြန်အလှန် သတင်းပေါင်းစပ် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့်ရရှိသောသတင်းအရ တာချီလိတ်မြို့ ဝမ်ကျောက်လုံကျေးရွာရှိ အိုက်မြင့် ပိုင်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ WY စာတန်းပါနီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ (ကာလတန်ဖိုးငွေကျပ်သိန်းတစ်ထောင့် ခုနစ်ရာ့ငါးဆယ်)၊ အသင့်ရောစပ်ပြီး စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၁ ဒသမ၃ ကီလိုဂရမ်၊ ကဖင်းဟု ယူဆရသော အဖြူရောင်အမှုန့် ဝဒသမ၃ကီလိုဂရမ်၊ နေအိမ်အနောက်မီးဖိုချောင်အတွင်းမှ WY စာတန်းပါ တံဆိပ်ရိုက်မိုလ် ၁၀ ခု၊ မိုလ်ပိတ်ရှစ်ခုတို့ကို အိမ်ရှင် မအီရှမ်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ မအီရှမ်းအား စစ်ဆေးမေးချက်အရ ၎င်းတို့သည် စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရန်လိုအပ်သော ဓာတုပစ္စည်းများကို တစ်ဖက်နိုင်ငံမှဝယ်ယူ၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အောက်တိုဘာ ၁၄ ရက်မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ တရားရုံးချုပ်ရှေ့နေ ဦးသန်းမောင်(စစ်တွေ)(ဥပဒေအကြံပေး-Kelvin Chia Yangon Ltd) က "Trade Mark What We Shoul Know About IT" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

အဘိဓမ္မာအခါတော်နေ့နှင့်စာအောင်ဆုနှင်းသဘင် ပျဉ်းမနားမြို့ မြို့မဈေးကုန်းကျောင်းတိုက်၌ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၅ ခုနှစ်၌ ကျင်းပခဲ့သော အဘိဓမ္မာရိုးရိုး၊ ဂုဏ်ထူးဆောင်၊ ဝိသုဒ္ဓိမဂ်စာမေးပွဲများ စာအောင်ပုဂ္ဂိုလ်များအား ဆုနှင်းသဘင်နှင့် အဘိဓမ္မာရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့ မြို့မဈေးကုန်းကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်အဘိဓမ္မာ ပြန့်ပွားရေးအဖွဲ့ ဩဝါဒါစရိယ မြို့မဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇောသာရက ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးဝန်ကြီးဌာနက အဘိဓမ္မာပြန့်ပွားရေးအသင်းသို့ ဘာသာရေးဆိုင်ရာကျမ်းစာအုပ်များလှူဒါန်းခြင်း၊ မြို့နယ်အဘိဓမ္မာ ပြန့်ပွားရေးအသင်းဥက္ကဋ္ဌက အဘိဓမ္မာပြန့်ပွားရေးဆောင်ရွက်ချက်များ ဖတ်ကြားလျှောက်ထားခြင်း၊ အဘိဓမ္မာရိုးရိုး၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများ စာအောင်ပုဂ္ဂိုလ်များအား အောင်လက်မှတ်များနှင့် စာအောင်ဆုများချီးမြှင့်ခြင်းနှင့် စက်တင်ဘာ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ အဘိဓမ္မာခုနစ်ကျမ်းကို ကိုးရက်တိုင် အသံမစဲရွတ်ဆိုခဲ့ကြသော အဘိဓမ္မာရွတ်ဆိုရေးအဖွဲ့နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကြသည်။ **(က-ပ)**

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် နေပြည်တော်ရှိ အထူးဖွံ့ဖြိုးရေးစီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေများလက်ခံသည်။

အခမ်းအနားသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနတို့က ငွေကျပ်၁၀သိန်းစီ၊ သစ်တောရေးရာ ဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့က ငွေကျပ်ငါးသိန်းစီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ငွေကျပ်လေးသိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနနှင့်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့က ငွေကျပ်သုံးသိန်းစီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့က ငွေကျပ်နှစ်သိန်းစီ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့က ငွေကျပ်တစ်သိန်း ငါးသောင်းစီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊သာသနာရေး ဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့်အားကစားဝန်ကြီးဌာနတို့က ငွေကျပ်တစ်သိန်းစီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၀သိန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်ငါးသိန်း၊ မက်စ်မြန်မာကုမ္ပဏီက ငွေကျပ် နှစ်ဆယ့်ငါးသိန်း၊ နောင်တုံကုမ္ပဏီနှင့် ဒိုင်းမွန်းမာကျူရီကုမ္ပဏီတို့က ငွေကျပ်ရှစ် သိန်းစီ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး တို့က ငွေကျပ် ငါးသိန်းစီ၊ ယူနီဗာဆယ်ဆောက်လုပ်ရေး၊ ကပ်ပါးအင်တာနေရှင်နယ် ကုမ္ပဏီ၊ Gunkul Engineering Supply Co, Ltd.နှင့် KAF ကုမ္ပဏီတို့က ငွေကျပ် သုံးသိန်းစီ၊ အရဏ်ဦးကုမ္ပဏီ၊ မြန်မာ့အလှကုမ္ပဏီ၊ ရတနာစိန်သရဖူကုမ္ပဏီ၊ ယုဇနကုမ္ပဏီ၊ ရွှေနန်းသစ် ဆောက်လုပ်ရေးကုမ္ပဏီနှင့် စံဖွံ့ဖြိုးကုမ္ပဏီတို့က ငွေကျပ်နှစ်သိန်းစီ၊ IGE ကုမ္ပဏီက ငွေကျပ်တစ်သိန်း၊ အေးငြိမ်းသီတာဆေးတိုက်က ငွေကျပ်တစ်သောင်း၊ ဦးဇော်မင်းအောင် (ကြေးမုံသတင်းထောက်) ပျဉ်းမနားမြို့နှင့် ဆန်းဒေးမတ်ဆူပါမားကက်တို့က ငွေကျပ် ၁၀သိန်းစီ ပေးအပ် လှူဒါန်းကြရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ကျေးဇူးတင်စကားပြော

ယင်းနောက် ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့စေတနာရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ်၁၆၄ ဒသမ ၁သိန်း ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ဘဝ ဂုဏ်ရှိစွ

❒ အပြောမဟုတ်၊ အလုပ်သက်သေ
ရှိ၍နေလည်း၊ ထွေထွေရာရာ
အကြောင်းရှာပြီး၊ ကောင်းတာမပြော
ကြားသောသူတွေ၊ စိတ်တွေဝေအောင်
ပြောင်ပြောင်တင်းတင်း၊ မဲတွေတင်းကာ
ပြည်တွင်းပြည်ပ၊ ချိတ်ဆက်ကြလျက်
သူကတိုင်လျှင်၊ ကိုယ်လျှင်အဖောက်
တောက်လျှောက်လှုပ်ရှား၊ ရှိနေငြားလည်း...။

❒ လားလားမမှု၊ ရှေးရှုဘဝ
ကြောင့်ကျနတ္ထိ၊ ထားရှိရည်မှန်း
ပန်းတိုင်လမ်းတိုင်း၊ ခြေလှမ်းမပျက်
ဆက်လက်ဦးတည်၊ လျှောက်နေသည်ကို
ပီပီပြင်ပြင်၊ ထင်ထင်ရှားရှား
မျက်ဝါးထင်ထင်
တွေ့မြင်နေရ ဝမ်းသာလှ
မြန်မာ့ဘဝ ဂုဏ်ရှိစွ။ ။

(အမျိုးသားညီလာခံကို ဂုဏ်ပြုလျက်–)

ပျို့လွှား

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း ဆွာချောင်းတံတားခံနိုင်ဝန် တိုးမြှင့်တည်ဆောက်မှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၉ရက် နံနက်ပိုင်းက တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရန်ကုန်–မန္တလေးအမြန်လမ်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး အထူးအဖွဲ့(၈)က တာဝန်ယူဆောင်ရွက်၍ တံတားခံနိုင်ဝန် တိုးမြှင့်တည်ဆောက်နေသည့် တံတားအမှတ် ၁/၁၉၉ ဆွာချောင်းတံတား လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဝန်ကြီးအား ဆွာချောင်းတံတား လုပ်ငန်းခွင်၌ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်က ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဝန်ကြီးက ကုန်စည်စီးဆင်းမှု မှန်ကန်စေရန်နှင့် ကုန်အလေးချိန်တင် ၁၀ဘီးယာဉ်ကြီးများပါ ခံနိုင်အောင် စနစ်တကျ ဆက်လက်လုပ်ဆောင်ရန် မှာကြားပြီး တံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေသတွင်း၏ လုံခြုံရေးကိုခြိမ်းခြောက်ဆိုသည့် စွပ်စွဲချက်သဘာဝမကျ အမေရိကန်နိုင်ငံမှသာ ပြည်တွင်းရေးစွက်ဖက်ခြင်းဖြစ်သည်ဟု ခံယူ

ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီက ရှုတ်ချကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ (K.N.P.D.P) ဟိုယာဒေသ(ငြိမ်းချမ်းရေး)အဖွဲ့က သဘောထားထုတ်ပြန် ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၇ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါသဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ

(K.N.P .D.P) ဟိုယာဒေသ (ငြိမ်းချမ်းရေး)အဖွဲ့၏

သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ–၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်

၁။ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရေးအား ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်သည်ဟု စွပ်စွဲကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏ အခြေအနေဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးရန် ၂၀၀၆ခုနှစ် စက်တင်ဘာ၁၅ရက်၌ ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

၂။ လက်တွေ့အားဖြင့် ကျွန်ုပ်တို့နိုင်ငံသည် အေးချမ်းတည်ငြိမ်မှုရှိနေပြီး အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားအားလုံး၏ ကိုယ်စားလှယ်တော်ကြီးများဖြင့် အမျိုးသားညီလာခံတွင် ဆွေးနွေးညှိနှိုင်းလျက်ရှိနေကြသည်မှာ မည်သူမျှ ငြင်းဆို၍မရသော အချက်ပင်ဖြစ်သည်။ တည်ငြိမ် အေးချမ်းမှုရှိနေသော တိုင်းပြည်တစ်ခုသည် ဒေသတွင်း၏ လုံခြုံရေးကို ခြိမ်းခြောက်စေနိုင်သည်ဆိုခြင်းမှာ သဘာဝမကျဘဲ တမင်စွပ်စွဲပြောဆိုခြင်းသာဖြစ်ကြောင်း ထင်ရှားသည်။

၃။ သို့ဖြစ်ပါ၍ ထိုစွပ်စွဲချက်သည် အမေရိကန်နိုင်ငံမှသာ ကျွန်ုပ်တို့၏ ပြည်တွင်းရေးကို မငြိမ်မသက်ဖြစ်စေရန်ရည်ရွယ်၍ စွက်ဖက်နေခြင်းသာဖြစ်သည်ဟု ကျွန်ုပ်တို့က ခံယူသည်။

၄။ ထို့ကြောင့် အမေရိကန်၏ ကမ္ဘာ့ကုလသမဂ္ဂအပေါ် အသုံးချကာ ကျွန်ုပ်တို့နိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်လာခြင်းအား ရှုတ်ချကန့်ကွက်ကြောင်း သဘောထားကြေညာချက် ထုတ်ပြန်လိုက်ပါသည်။

ဂိုးရီ
ဥက္ကဋ္ဌ
ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ကယားပြည်နယ်

မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးလျက် ၂၀၀၆ခုနှစ် မြန်မာ့ရုပ်ရှင်နေ့ ပထမဆုံး မြန်မာ့ရုပ်ရှင်ဇာတ်ကားအကြောင်း စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၁၃ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းစာတမ်းများကို ရုပ်ရှင်သရုပ်ဆောင်များက အလှည့်ကျဖတ်ကြားပြီး "မေတ္တာနှင့်သူရာ" ဇာတ်ကားကို တင် ဆက်ပြသမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မန္တလေးတိုင်း ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဖခင်ကြီး ဦးရဲဆွေအားရည်စူး၍ မိခင်ဒေါ်ခင်ခင်စိုး (သမီး) မဆွေဇင်ယု (သား) မောင်ကျော်သူ၊ မောင်သက်ဟိန်းအောင်၊ မောင်ရဲဝင်းသူ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဆရာတော် အရှင် ရာဇိန္ဒ(နာလန္ဒာ)၏ ရှေ့မှောက်တွင်လှူဒါန်းရာ အမှုဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က–ပ)

(၁၀)နှစ်ပြည့် မွေးနေ့ဆုတောင်း (၁၃-၁၀-၂၀၀၆)
မင်းပြည့်စုံသန့် (Grade VI-C) အထက(၁)ဒဂုံ

သားငယ်လေးရေ......
သားလေးမွေးနေ့၊ ပန်းတစ်ပွင့်ဖြင့်
ဘုရားရှေ့မှာ၊ ဆုတောင်းပါသည်
သာသနာအကျိုး၊ လူမျိုးဂုဏ်ရည်
တိုင်းပြည်ဂုဏ်တင့်၊ မြင့်အောင်မြှင့်လျက်
ထောက်ချင့်တတ်စွာ၊ အရာရာဝယ်
ပညာပြည့်ဝ၊ နှလုံးလှဖြင့်
လောကအတွင်း၊ အောင်မြင်ခြင်းတွေ
"မင်းပြည့်စုံသန့်" ပိုင်စေသတည်း
သင်း၍ ထုံပျံ့လှိုင်စေသတည်း ....

ဖေဖေ ဗိုလ်ကြီးမြင့်ထွေး၊ မေမေ မိုးစန္ဒာမြင့်။

ဖခင်အမည်မှန်
အထက(၁) သဃ်န်းကျွန်း Grade XI (H) မှ မောင်ကျော်သီရ၏ဖခင်အမည်မှန်မှာ ဦးကြီးညွန့် ဖြစ်ပါသည်။
ဦးကြီးညွန့်။

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀-ဘီ၊ မြေကွက်အမှတ် ၈-ယူ/၁၊ ဧရိယာ ၀ ဒသမ ၂၀၁ ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၄၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်သူများဖြစ်သော ကွယ်လွန်သူ ဦးမြင့်အောင်၊ ဒေါ်ချိုချိုတို့၏ အမွေဆက်ခံပိုင်ဆိုင်သော သားဖြစ်သူ ဦးဟိန်းဇော်မျိုးအောင် ၁၂/ဗဟန(နိုင်)၀၈၁၉၀၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။
အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဦးသက်ထွန်း B.A (Law), LLB. — **ဒေါ်ကြည်ကြည်ဌေး B.A (Law), LL.B**
တရားရုံးချုပ်ရှေ့နေများ
တိုက် ၃၁၅၊ အခန်း ၆၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀-၁၅၂၃၄၊ ၅၄၆၄၀၄ (လိုင်းခွဲ ၃၈၈)။

ကျေးဇူးဆပ်ပါမည်
ကျွန်မ မသက်စုမြ မှတ်ပုံတင်အမှတ် ၁၂/ရကန(နိုင်)၀၀၆၈၅၁၏ နိုင်ငံကူးစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၆၆၆၄၇၁။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် အ/၄၆၂ Toyota Dyna/ L˚/˚T ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်စံဖြူ မှတ်ပုံတင်အမှတ် ၁၂/ရကန(နိုင်)၀၇၁၆၅၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)၊ (ရန်ကုန်မြို့)။

မိဘအမည်မှန်
ဒဂုံမြို့နယ် အလက(၁) ပဋ္ဌမတန်း(က)မှ မဆုမြတ်နိုင်၏ မိဘအမည်မှန်မှာ ဦးဝင်းဇော် ၁၂/လမတ(နိုင်)၀၁၇၉၈၁ နှင့် ဒေါ်အေးအေးမြင့် ၁၄/လပတ(ပြု)၀၀၀၀၀၅ တို့ဖြစ်ပါသည်။ **မဆုမြတ်နိုင်။**

အမည်ပြောင်း
အဖ ဦးမင်းသိမ်း ၁၂/မဂဒ(နိုင်)၀၄၀၄၆၈၏သမီး မဆုမွန်ဆွေ (အဏုဇီဝဗေဒ၊ ဒဂုံတက္ကသိုလ်)အား ယနေ့မှစ၍ မဆုမွန်ဖြူဟု ပြောင်းလဲခေါ်ပါရန်။ **မဆုမွန်ဖြူ။**

အထက(၃)မင်္ဂလာဒုံ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၂

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် အထက(၃)မင်္ဂလာဒုံ (ယခင်စံပြကျေးရွာ အစိုးရအလယ်တန်းကျောင်းနှင့် အလက ၂၊ မင်္ဂလာဒုံ)ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၄ရက်တွင် အမက(၃၂) မင်္ဂလာဒုံကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေ ထည့်ဝင်လိုပါက ဦးမြထွေး ဖုန်း-၆၀၀၀၂၃၊ ဦးစံသိန်း ဖုန်း-၆၀၀၂၄၀၊ ဦးအေးကို ဖုန်း-၆၀၀၀၉၃ နှင့် ကိုကျော်သူ ဖုန်း-၆၀၀၁၇၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မန္တလေးဆောင်ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် ကျောင်းသားဟောင်းများက အငြိမ်းစား ရန်ကုန်တက္ကသိုလ်အားကစားအရာရှိနှင့် မန္တလေးဆောင် အငြိမ်းစားအဆောင်မှူး ဆရာငြိမ်း၏ (၈၉)နှစ်မြောက် မွေးနေ့ပွဲ၊ မန္တလေးဆောင် အဆောင်မှူးများဖြစ်ကြသော ဒေါက်တာခင်မောင်ဝင်း ပညာရေးဝန်ကြီး(ငြိမ်း)၊ ဒေါက်တာသိန်းအောင် ပါမောက္ခ(ဓာတုဗေဒ၊ ငြိမ်း)တို့အား (၁၁)ကြိမ်မြောက် ကန်တော့ပွဲနှင့် ရန်ကုန်တက္ကသိုလ် မျိုးဆက်သစ် ဘူမိဗေဒဘွဲ့ သင်တန်းသားများအား ပညာဒါန အလှူငွေ ပေးအပ်ချီးမြှင့်ပွဲကို အောက်တိုဘာ ၈ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီက ဗဟန်းမြို့နယ် အမှတ် ၂၁၊ ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိမင်္ဂလာခန်းမ၌ကျင်းပသည်။ **(အပေါ်ပုံ)**

ပူဇော်ကန်တော့

အခမ်းအနားတွင် မန္တလေးဆောင် ကျောင်းသားဟောင်းများ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်အုန်းက ကန်တော့ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသားဟောင်းများဖြစ်ကြသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် နာယကများက အငြိမ်းစားအဆောင်မှူးများအား ငွေသားနှင့် အမှတ်တရပစ္စည်းများဖြင့်ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ကန်တော့ခံအငြိမ်းစားအဆောင်မှူးများက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းပြီး အကျွေးအမွေးဖြင့် ဧည့်ခံကြောင်းသိရသည်။ **(က-ပ)**

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တန်ဆောင်မုန်းလဆန်း ၈ရက်မှ လပြည့်ကျော် ၂ရက်အထိ (၁၀၇)နှစ်ပြည့် ခေတ္တရာ မြတ်စွယ်တော်အပူဇော်ခံပွဲနှင့် သုံးနှစ်တစ်ကြိမ် မြို့တွင်းကြွချီအပူဇော်ခံပွဲကို ကျင်းပသွားမည်။ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူ လူဟောင်းများသည် ယမန်နှစ်ဖြတ်ပိုင်းဖြင့်သတ်မှတ်သည့် ဆိုင်ခန်းခငွေကို သီတင်းကျွတ်လကွယ်နေ့ နောက်ဆုံးပေးသွင်းရန်နှင့် လူသစ်များအား တန်ဆောင်မုန်းလဆန်း ၁ရက်မှစ၍ ဆက်လက်နေရာချထားပေးသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့က နှိုးဆော်ထားသည်။

(သတင်းစဉ်)

ပခုက္ကူ ဦးအုံးဖေ စာပေဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း စာပေဗိမာန်က ပခုက္ကူဦးအုံးဖေ စာပေဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ အဆိုပါစာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ် (ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်၊ နယ်ရှိစာပေဗိမာန် ကိုယ်စားလှယ်များထံမှ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မြန်မာဂေါက်ကလပ်ကကျင်းပသော တတိယအကြိမ်မြောက် သီတင်းကျွတ် မျိုးဆက်သစ် လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ်(၉)မိုင်ဂေါက်ကွင်း၌ကျင်းပသည်။

အမှာစကားပြော

ဒုတိယနေ့(၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာဂေါက်ကလပ် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာဂေါက်ကလပ်မှ Handicap and Tournament ကော်မတီ အတွင်းရေးမှူး ဦးပီတာက အမျိုးသမီး အသက်(၁၀-၁၈)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်းအချက်၂၅၀ ဖြင့် တတိယရရှိသော ကေသန့်ဇင်၊ စုစုပေါင်း၂၃၄ချက်ဖြင့် ဒုတိယရရှိသော မေလီနှင့်စုစုပေါင်း၂၂၄ချက်ဖြင့် ပထမရရှိသော ရင်မေမျိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ယင်းပြိုင်ပွဲတွင် ၉၃ ချက်ဖြင့် အကောင်းဆုံးရိုက်ချက်ဆုရရှိသော မေဦးခိုင်အား အထူးဆုကို ပေးအပ်ချီးမြှင့်သည်။

အတန်းပြိုင်ပွဲများ

ဆက်လက်၍မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက အမျိုးသား အသက်(၁၀-၁၂)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်း၁၉၈ချက်ဖြင့် တတိယရရှိသော ခွန်အောင်မြတ်၊ စုစုပေါင်း၁၉၈ချက်ဖြင့် ဒုတိယရရှိသော ခွန်ကျော်မြတ်သာ၊ စုစုပေါင်း ၁၈၃ချက်ဖြင့် ပထမရရှိသော ဖွဲလင်းငွေတို့အားလည်းကောင်း၊ မြန်မာဂေါက်ကလပ် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်းက အသက်(၁၃-၁၅)နှစ်အတန်းပြိုင်ပွဲတွင် စုစုပေါင်း၁၆၇ချက်ဖြင့် တတိယရရှိသော ရဲထက်အောင်၊ စုစုပေါင်း ၁၆၄ ချက်ဖြင့် ဒုတိယရရှိသော အေးမင်းထိုက်၊ စုစုပေါင်း၁၆၂ချက်ဖြင့် ပထမရရှိသော စွမ်းသီဟအောင်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အသက်(၁၆-၂၀)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်းအချက် ၁၅၀ဖြင့် တတိယရရှိသော စိုးမိုးဝင်း၊ စုစုပေါင်း၁၄၉ချက်ဖြင့် ဒုတိယရရှိသော ရန်မျိုးအေးနှင့် စုစုပေါင်း ၁၄၄ ချက်ဖြင့် ပထမရရှိသော နေဗလဝင်းမြင့်တို့အား ဆုများကိုပေးအပ်ချီးမြှင့်ပြီး မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဆုရရှိသူများနှင့်အတူ အမှုဆောင်များ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(ယာပုံ)**

တတိယပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသော မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်အားကစား မောင်မယ်များ တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့်အားကစားစိတ်ဓာတ်မြင့်မားရေးအတွက် Han Golf Masters Pte., Ltd. က အဓိက ကူညီပံ့ပိုးပြီး Co-sponsors များ ဖြစ်ကြသော Srixon၊ Myanmar Golf Club Driving Range၊ Han Golf Masters Academy၊ Han Event Management၊ Golf Masters Magazine နှင့် Han Golf Design တို့ကလည်း ထပ်မံ၍ ပါဝင်ကူညီပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျက်မမြင်လမ်းလျှောက်ပွဲကျင်းပချိန်လမ်းကြောင်းခေတ္တပိတ်ထားမည်

ရန်ကုန် အောက်တိုဘာ ၁၂

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၅)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ရက် (တနင်္ဂနွေနေ့)တွင်ကျင်းပမည်ဖြစ်ရာ ကျင်းပမည့်လမ်းကြောင်းဖြစ်သည့် ပြည်လမ်း ပြည်သူ့လွှတ်တော်ရှေ့မှတာလွှတ်၍ ပြည်လမ်း၊ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းအတိုင်း မြို့တော်ခန်းမရှေ့၌ ပန်းဝင်မည်ဖြစ်သည်။ လမ်းလျှောက်ပွဲကျင်းပမည့်နေ့ လမ်းလျှောက်ပွဲကျင်းပရာ လမ်းတစ်လျှောက်တွင် နံနက်၅နာရီမှ နံနက်၈နာရီအထိ မော်တော်ယာဉ်များသွားလာမှုကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေတောင်မြို့နယ်၌ ကျေးရွာရေစက်ရုံထိန်းသိမ်းရေး ဆွေးနွေး ရေလှောင်ကန်မှ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်

ရွှေတောင် အောက်တိုဘာ ၇

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးသည် အောက်တိုဘာ ၄ရက်က နွားမယံကျေးရွာအုပ်စု ပုရပိုက်တန်းကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားသော ကျေးလက်စက်ရေတွင်းနှင့် ရေစက်ရုံတို့သို့သွားရောက်၍ ကျေးရွာရေစက်ရုံ ထိန်းသိမ်းရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး ကျေးရွာနေပြည်သူများ ရေလှောင်ကန်မှ ရေများရယူသုံးစွဲမှုကို အားပေးကြည့်ရှုသည်။ **(အပေါ်ပုံ)**

ထို့နောက် အမှုဆောင်အရာရှိက ကျေးလက်ပြည်သူများသန့်ရှင်းသော သောက်သုံးရေ မပြတ်လပ်စေရေး၊ ရေစက်ရုံနှင့် ရေလှောင်ကန် ရေရှည်တည်တံ့ကောင်းမွန်စေရေးတို့အတွက် ကျေးရွာရေပေးရေး စက်ရုံထိန်းသိမ်းရေး ကော်မတီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ မိုင်းယုစာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

မိုင်းယု အောက်တိုဘာ ၈

မိုင်းဖြတ်ခရိုင် မိုင်းယုမြို့ရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ ရက်က မိုင်းယုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းက စာအုပ်စာစောင်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မာမာသိမ်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချောစုမျိုးညွန့်၊ မိုင်းယောင်းမြို့နယ် ဥက္ကဋ္ဌ ဒေါ်နီလာလှိုင်တို့က ငွေကျပ်တစ်သောင်းကျော်တန် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးမောင်ထွန်းက လက်ခံယူသည်။ **(ယာပုံ) (ခရိုင် ပြန်/ဆက်)**

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုများကို စက်တင်ဘာ ၁၉ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို့နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာဦးရဲလွင်တို့က ရှင်းလင်းပြသစဉ်။ (၃၁၆)

စုပေါင်းသွေးလှူဒါန်းပွဲ ချောက်မြို့၌ကျင်းပ

ချောက် စက်တင်ဘာ ၃၀

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ချောက်မြို့ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင် ဖြန့်ဖြူးရေးဌာနကြီး (ဂ) အဆင့်မှ ဝန်ထမ်းများနှင့် မိသားစုများ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁ ရက်က မကွေးမြို့နယ် ပြည်သူ့ဆေးရုံတွင် ကျင်းပသည်။

ရှင်းလင်း

သွေးလှူဒါန်းပွဲကို မွန်းတည့် ၁၂ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသီဟက အမှာစကားပြောကြားပြီး မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မဌာနကြီး (ဂ) အဆင့် ချောက်မြို့ မန်နေဂျာ ဦးသန်းဝင်းက သွေးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကျွေးမွေး

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်သည့် ဝန်ထမ်းများနှင့် မိသားစုဝင် ၃၀ တို့အား မကွေးတိုင်း ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ် တာဝန်ခံဒေါက်တာဒေါ်ခင်ခင်မူနှင့် အဖွဲ့က သွေးများဖောက်ယူကြသည်။ သွေးလှူရှင်များအား မြို့နယ်အသင်း အတွင်းရေးမှူး ဦးနေရှင်းနှင့် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့က အာဟာရများ ကျွေးမွေးကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ခုနှစ်
သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
၁၄-၁၀-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) ပန်းခင်းသည့်လမ်း (လွှမ်းမိုး-နီနီဝင်းရွှေ)
(၂) နွဲ့မျိုးစုံ (ညွန့်ဝင်း-အေဝမ်းတင်တင်လှ)
(၃) လူပျို့ဝါဒ၊ အပျို့ဝါဒ (ရန်အောင်-ပိုးအိစံ)

၀၉:၄၅ အာဆီယံအစီအစဉ်

၁၀:၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်းနှင့်ကာလပေါ်တေးများ)**
(၁) မယ်ရွှေးလို့ဆင်ပါ့မယ်(ထား)
(၂) မေတ္တာ (မြသက်မူ)

၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (အဖိုးတန်ကျွန်းသစ်)

၁၁:၃၅ မေတို့ရေးရာ သိမှတ်စရာ (ဝဖြိုးစပြုနေပြီလား) (မေလေး)

၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၂:၁၀ နေ့စဉ်သုံး အီဒီယမ် (ဦးသိန်းလွင်)

၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ) (အထွေထွေသိကောင်းစရာ)

ညနေပိုင်း

၁၆:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဆယ်ရက်တိုင်တိုင် (မျိုးမြင့်လေး)
(၂) ချစ်သူ့နယ်မြေ (မဥ္ဇူသင်း)
(၃) ဖူးစာ (ကိုအံ့ကြီး)

၁၇:၀၀ ခေတ်ဟောင်းတေး
(၁) ဝင်းဝင်းစိုစို (မောင်ပွကြီး)
(၂) မောင့်အရည်အချင်း (လေဘာတီမြရင်)
(၃) သဝဏ်လွှာ (သထုံဘသိန်း-မောနင်းတင်တင်)

၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ဆယ်ကျော်သက်နှင့် အဝလွန်ပြဿနာ) (နေမောင်)

၁၉:၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (စံပယ်မင်း တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အရင်လိုစိတ်မချလို့ပါရှင်ရယ် တေးစီးရီး

၂၀:၄၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)
-ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ညီမလေးရယ်စိုးရိမ်မိတယ် (သန်းဖေလေး)
(၂) ကျိန်စေချင်ကျိန်ပါ့မယ် (ခင်နှင်းသက်)
(၃) ကျမျက်ရည် မကြေညာစတမ်း (မောင်မောင်ကြီး)

ကမ္ဘာ့ဆရာများနေ့အခမ်းအနား သံဖြူဇရပ်၌ကျင်းပ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများ ဆုပေးအပ်ချီးမြှင့်

သံဖြူဇရပ် အောက်တိုဘာ ၁၀

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားနှင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့မှ ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်က သံဖြူဇရပ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာမများက အခမ်းအနားကို မြတ်ဆရာသီချင်းဖြင့် ဖွင့်လှစ်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး ညိုလှနှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးတို့က အမှာစကားပြောကြားကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အငြိမ်းစားယူသွားခဲ့ကြသည့် မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ စုစုပေါင်း ၅၅ ဦးတို့အား ဂုဏ်ပြုပစ္စည်းနှင့် ထောက်ပံ့ငွေများဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံဆရာမကြီးများက ဆုံးမသြဝါဒစကား ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တာဝန်ရှိသူများက စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့မှ ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အဝေးပြေးဝင်းအတွင်း စိုက်ပျိုးထားသော ကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကို စက်တင်ဘာ ၂၁ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝန်ထမ်းများ အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းဆင်းပွဲ လွိုင်ကော်၌ကျင်းပ

လွိုင်ကော် အောက်တိုဘာ ၁၀

လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က လွိုင်ကော်ခရိုင်ရုံးခန်းမဆောင်တွင် ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက သင်တန်းဆင်း အမှာစကားပြောကြားပြီး ပထမ၊ဒုတိယ၊တတိယဆုရ ဝန်ထမ်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်း မြစ်သားမြို့ မြို့မ အရှေ့ရပ် ၁၅ လမ်းနေ ဦးသန်းနွယ် ၉/မသန (နိုင်)၀၀၄၁၀၉ ၏ သမီး မမီမီနွယ်သည် မိဘအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ် သွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

ဖခင် ဦးသန်းနွယ်။

အိမ်နှင့်ခြံရောင်းမည်

ပေ ၁၅၀ x ၁၂၀ ဘိုးဘွားပိုင်၊ ကျောက်ရေတွင်း။

စုံစမ်းရန်ဖုန်း-၆၆၆၅၉၄။

တိုက်ခန်းငှားမည်

ရွှေသရဖီရိပ်မွန် ၄၀'x ၄၅'၊ ၁၆၀၀ စ-ပေ၊ 2BR.၊ MR. 2AC. Ph.(Ext) လေးလွှာ၊ အပေါ်ထပ် အမိုးပါ၊ တစ်လ နှစ်သိန်း။

စုံစမ်းရန်ဖုန်း-၅၁၁၃၇၃။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၁၈၀၈၆ Honda C90 (China) ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်မူမူသန်း မှတ်ပုံတင်အမှတ် ၁၄/ပသန(နိုင်) ၀၄၅၅၇၁ ကယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

က-ည-န၊ ပုသိမ်။

FASHION 4T4 အထူးလျှော့ဈေး (၅၀%)

"မ"အဝတ်အထည်များ၊ လက်ကိုင်အိတ်များ၊ အလှပြင်ပစ္စည်းများ အပတ်စဉ် စနေနှင့် တနင်္ဂနွေ (9:00 AM to 6:00 PM) ခြံအမှတ် ၄၄၊ ရွှေဥဒေါင်းလမ်းသွယ် ဘုရင့်နောင်လမ်းမကြီး သစ်တောဦးစီးဌာနဘေး၊ အင်းစိန်မြို့နယ်။

ဖုန်း-၆၄၂၈၀၉။

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း အလုံမြို့နယ် ကမ်းနားလမ်း မင်္ဂလာဆင်မင်းအိမ်ရာစီမံကိန်း GOLDEN TEAM MANSION ဧရိယာ ၂၃၄၂ ဒသမ ၄၁ စတုရန်းပေ အကျယ်အဝန်းရှိအခန်း အမှတ် (8/F) (B.3+B.4) အနောက်ဘက် အခြမ်း တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေများမှဝယ်ယူရန်စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများသည် ဤကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမင်းသိုင်းနောင် LL.B
တရားရုံးချုပ်ရှေ့နေ
၁၃၂ ပထမထပ်၊ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၁K မြေကွက်အမှတ်(V)၇၉ မြေကွက်တည်နေရာ အမှတ်(၅၀) မဟာသုခလမ်း ကျီတော်ရပ်ကွက်၊ အမည်ပေါက် ဦးအုန်းခင်-ဒေါ်စော မြေအား အမည်ပေါက်၏ သားသမီးခြောက်ဦးထံမှ ပိုင်ဆိုင်စာချုပ်အမှတ် ၂၈၉/၂၂-၄-၇၁ နှင့် အရောင်းအဝယ်စာချုပ်အမှတ် ၃၀၇/၂၄-၃-၇၂ ဖြင့် ဦးသံချောင်း၊ ဒေါ်စောကြည်တို့မှ ဝယ်ယူပြီး ဦးသံချောင်းကွယ်လွန်သဖြင့် ဒေါ်စောကြည်မှ(ဇနီး)တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန်အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသော နေ့ရက်အကြောင်း အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်- ၁၇၄/၁၇၅၅

ဒေါ်ခင်မြကြည် ဦးကျော်ဆန်းဝင်း — **ဒီကရီရသူ**
နှင့်
ဒေါ်ခင်မိုးနွယ် — **တရားရှုံး**

ဒေါ်ခင်မိုးနွယ် ၇၄လမ်း (၃၄X၃၅)လမ်းကြား မောရဂီဝါရပ် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါအမှုတွင် တရားရှုံးပိုင်အချင်းဖြစ်ပစ္စည်းကိုကြမ်းခင်းဈေးကျပ်သိန်း ၃၀၀ ဖြင့် သတ်မှတ်၍ လေလံတင်ရောင်းချပေးရန် လျှောက်ထားလာခြင်းကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ တရားနိုင် ဒေါ်ခင်မြကြည်နှင့် ဦးကျော်ဆန်းဝင်းတို့က လျှောက်ထားသောကြောင့် သင်သိစေရန်အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင် ပါရှိရန်အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၂၇ရက်နေ့ မွန်းမတည့်မီ ၁၀နာရီအချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၀၆ခုနှစ် စက်တင်ဘာလ ၂၉ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

စီစီ
တွဲဖက်တိုင်းတရားသူကြီး (၅)၊
မန္တလေးတိုင်းတရားရုံး။

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၂၂)၊

မော်လမြိုင်ခရိုင် တရားရုံးတော်၌

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၈ နှင့် ဆက်သွယ်သည့် ၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၄၅

ဒေါ်မြဝင်းကြည်
အမှတ်-၆၊ တိုးချဲ့ကမ်းနားလမ်း
မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့ — **တရားနိုင်**

နှင့်

ဒေါ်ချိုချို(ခ)ဒေါ်သီသီအေး
အမှတ်-၁၀၀/၅၀ ချစ်ကြည်ရေး
(၃)လမ်း၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ — **တရားရှုံး**

အမှတ်(၁၀၀/၅၀)ချစ်ကြည်ရေး (၃)လမ်း၊ ဘိုကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နေ (ယခုနေရပ် လိပ်စာမသိသူ)တရားရှုံး ဒေါ်ချိုချို(ခ)ဒေါ်သီသီအေး သိစေရမည်။

မော်လမြိုင်ခရိုင်တရားရုံး၊ တရားမကြီးမှု၊ ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်မြဝင်းကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြဖြေဆိုနိုင်သူ၊ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့) မွန်းမတည့် မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ဤရုံး၊ ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ဆွေထွန်း
ခရိုင်တရားသူကြီး၊ မော်လမြိုင်ခရိုင်တရားရုံး။

ဓမ္မဂုဏ်ရောင်ဆရာတော် အရှင်တေဇိန္ဒတရားပွဲ

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ကာယရပ်ကွက် ဓမ္မဂုဏ်ရောင်ရိပ်သာ စာသင်တိုက်ဦးစီးပဓာနနာယက မဟာစည်အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကဆရာတော်အရှင်တေဇိန္ဒ(M.A ဗာရာဏသီ BHU, Dip in B.Dh, Dip in English (SIBA), သာသနဓဇဓမ္မာစရိယ၊ သာသနပါလ ဓမ္မာစရိယ)သည် အောက်တိုဘာ ၁၈ ရက် ည ၇ နာရီတွင် ဗဟန်းကြားတော ရလမ်း မင်္ဂလာဈေးဓမ္မာရုံတော်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ကျင်းပ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်

ထားဝယ် အောက်တိုဘာ ၅

(၄၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်းက အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညွှန့်မြင့်သန်း၊ ခရိုင်၊ နှင့် မြို့နယ် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ထားဝယ်၊ လောင်းလုံး၊ ရေဖြူ၊ သရက်ချောင်းမြို့နယ်များမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြသည်။

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုများကိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေထွန်းက ချီးမြှင့်ပြီး ထားဝယ်မြို့နယ် သတင်းထောက်ဦးခင်မောင်ကြီးအား ရဲမှူး(ဦးစီး) ရဲမှူးကျင်ယုနိုင်က ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(၁၈၇)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေ မြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ကေဝယ်ယူရန် အတွက် ဒေါ်လှမြင့်၏(၆၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်းမကြီး ဇာလီတောင်အိမ်ရာ အမှတ် (အေ ၃-၀၀၄)နေ သားသမီးမြေးတစ်စုက အလှူတော်ငွေကျပ်တစ်သိန်းတစ်သောင်း ငါးထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှူဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဘုံကထိန်တရားပွဲ

ရန်ကုန် အောက်တိုဘာ ၁၂

မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်) မဟာဘုံကထိန် သင်္ကန်းကပ်လှူပွဲကို ၁၃၆၈ခု သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (အောက်တိုဘာ ၁၄ ရက်) စနေနေ့ ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် ဥဩဝတီ သာသနာပြုကျောင်းတိုက်၌ နိုင်ငံကျော် (ဓမ္မကထိက) ကမ္မဋ္ဌာနာစရိယ နယ်စပ်နယ်လှည့်သာသနာပြု ဦးနန္ဒမာလာ မြောက်ဦးချောင်းသစ်ဆရာတော်က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရတနာမဥ္ဇူဓမ္မရိပ်သာဝိပဿနာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၂

ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်း ရတနာမဥ္ဇူဓမ္မရိပ်သာ၌ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့်(မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီးဦးသန်း ဦးဆောင်ပြီး လပြည့်ကျော် ၈ ရက်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၅၁)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက် တရားစခန်းကို အောက်တိုဘာ ၁၄ရက် နံနက်၉နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည်ဖုန်း-၆၆၃၈၀၂ သို့ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့်နေ့တွင် နံနက် ၇ နာရီထက်နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ခြံစည်းရိုး ကြက်ဆူပင် ကေ ၃၀ စိုက်ခင်းတွင် ပေါင်းမြက်များရှင်းလင်း၍ အမှိုက်ဆွေး မြေဩဇာထည့်ခြင်း လုပ်ငန်းများဆောင်ရွက်မှုကို အမှူဆောင်အရာရှိ ဦးမျိုးအောင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ယင်လုံဆန်ခါဖြင့်ရောင်းချ

မင်းဘူးမြို့ စည်ပင်သာယာဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် စက်တင်ဘာ ၈ ရက်က အသား၊ ငါးဈေးသည်များ ယင်လုံဆန်ခါဖြင့် ရောင်းချနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူဆောင်အရာရှိ ဦးမြင့်လွင် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့၌ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)မှ ပြည်တွင်းရေကြောင်းပိုင် သုံးထပ်ရေယာဉ်ကြီးဖြင့် ကျိုက်လတ်မြို့သို့ နိုဝင်ဘာ ၁၄ရက် နံနက် ၇နာရီတွင် သွားရောက်၍ အာစရိယပူဇော်ပွဲ၊ စာပေဟောပြောပွဲနှင့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ ဖျော်ဖြေပွဲအစီအစဉ်များပြုလုပ်ပြီး နေ့ချင်းပြန်သွားရောက်မည်ဖြစ်သည်။ လိုက်ပါလိုသောမြို့နယ်သူမြို့နယ်သားများ ဦးမောင်ညိမ်း ဖုန်း-၆၆၇၁၃၂၊ဦးအောင်ဆန်း ဖုန်း-၅၅၃၄၃၅၊ ဦးသိန်းလွင် ဖုန်း-၂၅၁၂၇၅၊ ဦးကျော်ရင် ဖုန်း-၅၆၀၅၂၀ နှင့် အသင်းရုံး ဖုန်း-၅၀၁၅၁၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေး

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ
ကိုယ်စားလှယ်အစုအဖွဲ့များ တင်သွင်းထားသော ဆွေးနွေးချက်စာတမ်းများဖတ်ကြား

ရန်ကုန် အောက်တိုဘာ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဟူသည့် အမျိုးသားညီလာခံ ဦးတည်ချက်များဖြင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။(အောက်ပုံ)

လက်မှတ်ရေးထိုး

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ ***စာမျက်နှာ ၉ ကော်လံ ၅*** ●

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်
တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်တို့နှင့်စပ်လျဉ်း၍
ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ကျင်းပခဲ့သည့်အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။

(သတင်းစဉ်)